
မြခွန်းညယ်
အချစ်တစ်ခုရှိရုံ

အချိန်က ညဉ့်ဆယ့်တစ်နာရီတိတိ။

ဟိုင်းဝေးလမ်းမကြီးထက်သို့ မိုးစက်ဖြူတချို့ မှုန်မှုန်ဖွဲဖွဲ ကျဆင်းနေချိန်။

မောင်းသူတစ်ဦးတည်းပါသည့် ဆလွန်းဖြူလုံးလုံးလေးက လမ်းမပေါ်မှာ တရိပ်ရိပ် အပြေး နှင်လျက်ရှိသည် ။

ထိုသူက အကြိမ်နှစ်ဆယ်မြောက် သမ်းဝေခြင်းအမူကို ဖြည်းဖြည်းချင်း ပြုလုပ်ပြီး ဘေးနား မှာ ရှိသည့် ဖိုင်(လ်)ထဲမှ တစ်စုံတစ်ရာကို ဆွဲထုတ်လိုက်သည် ။

ကကြီးပုံနဖူး၊ မျက်ခုံးထူထူ၊ နှာတံစင်းစင်း၊ နှုတ်ခမ်းအာအာနှင့် ခါးအောက်ထိရှည်သော ဆံနွယ်များကို လှိုင်းခွေတွေလို ကပိုကရို တွန့်ကောက်ထားသည့် မိန်းကလေးတစ်ဦးက ဓာတ်ပုံထဲမှ သူ့ကိုလှမ်းပြုံးပြနေသည် ။

သူက ဓာတ်ပုံကို အသာပြန်ချပြီး အစီအစဉ်မရှိပါဘဲနှင့် ဟက်ခနဲ ရယ်ချလိုက်ပါသည် ။

သူ့ခရီးစဉ်က ယခု ရန်ကုန်သို့ ဦးတည်နေပြီ။

တမလွန်မှ မေမေကတော့ သူမရဲ့ နောက်ဆုံးဆန္ဒကို လိုက်လျောပေးသော သူ့အား လက်ခုပ် လက်ဝါးတီးကာ အားပေးနေလေမလား မ

သိ။

သို့သော် သူကတော့ ဗလာသက်သက် ခံစားချက်များ ဖြင့် ဒီခရီးကို အကောင်အထည်ဖော်ခဲ့ တာဖြစ်သည် ။

ထိုကောင်မလေးကို သူ သိလည်း မသိချင်၊ စိတ်လည်း မဝင်စားချင်။

အင်း ... ဘာလိုလိုနှင့် မန္တလေးမှ ထွက်လာခဲ့တာ ခရီးပင် အတော် ပေါက်တော့မည်။

သူက ကားမောင်းရင်း ဇက်ကို ဟိုဘက်ဒီဘက် လှည့်ချိုးကာ အကြောဖြေလိုက်ပါသည် ။ မိုးကလည်း ဖွဲရာမှ ခပ်စိပ်စိပ်သည်းလာသ လိုရှိသည် ။

ဗိုက်ကလည်း အတော်ဆာနေပြီမို့ သူ ကားကို အမြင့်ဆုံးမိုင်နှုန်း ရောက်အောင် မြှင့်တင်လိုက် သည် ။

ကားပြတင်းမှ လေပွေကြမ်းတချို့က မိုးနှင့်အတူ ရောကာ သူ့မျက်နှာကို လာစင်သည် ။

ဒီအရသာကို သူ အကြိုက်ဆုံးပင်။

သူက တေးသွားတစလို ခပ်တိုးတိုးညည်းရင်း လက်မှ နာရီအား အ မှတ်မထင် ငုံ့ကြည့်လိုက် စဉ် ...

"ကျွီ ...ရှီး"

"ဒုန်း"

"ဝုန်း ... ခွမ်း"

"အား"

ဆူညံပွက်လောရိုက်မှုများ ပြီးနောက် ဝန်းကျင်သည် ပကတိအတိုင်း

ပြန်လည်ခြောက်ကပ် တိတ်ဆိတ်သွားသည် ။

သို့သော် မိုးကတော့ သည်းသည်းထန်နေဆဲ။

*

သူ့ခေါင်းပေါ်မှာ တစ်စုံတစ်ခု တင်ထားသလိုဖိစီးလေးလံနေသည် ။ သူက ရီဝေမူးမိုက်နေ သည့်ကြားမှ မျက်ခွံများကို အားယူဖွင့်လိုက်ပါသည် ။

ဟာ ... လူတွေ ... ဘယ်သူတွေပါလိမ့်။ ဘယ်သူ့ကိုမှ သူ မသိ။

"သား ... မင်း သတိရပြီလား"

သူ ယောင်ယမ်းခေါင်းညိတ်ပြလိုက်သည် ။ ချက်ချင်းပဲ သူ ရောက်နေတာ ဘယ်နေရာဆိုတာ ပါ ခန့်မှန်းသိရှိသွားရသည် ။ သူနှင့် အစိမ်းသက်သက်ဖြစ်နေသော ဦးလေးကြီး တစ်ယောက်က သူ့ကို နားလည်နှစ်လိုစွာ ပြုံးကြည့်ရင်း ...

"မင်း ဆေးရုံရောက်နေတယ် သားရဲ့ ၊ မင်းကို ပဲခူးအလွန်က ညောင်ပင်ကြီးတစ်ပင်အောက် မှာ လဲကျနေတာ တွေ့လို့ အဘခေါ်လာတာ၊ ဘယ်လိုလဲ သက်သာရဲ့ လား"

"ကျွန်တော် ... ကျွန်တော်က ..."

ဘုရား ... ဘုရား။ ဘာတွေလဲ။ ပဲခူးအလွန်က ညောင်ပင်၊ ဟာ ... သူ ဘာကိုမှ သတိမရပါ လား။ သူဘယ်က ရောက်လာတာလဲ။

"သား ... မင်းကို အဘ ဘယ်ပြန်ပို့ပေးရမလဲ၊ မင်းမှာ ဒဏ်ရာကြီးကြီးမားမားတော့ မရှိဘူးတဲ့ ၊ ခေါင်းပဲထိသွားတယ်လို့ ဆရာဝန်ကြီးကပြောတယ်"

"ဗျာ ... ဒါ ... ဒါဆို"

"အခု မင်း သတိရပြီဆိုတော့ စိတ်ချရပါပြီ"

"မ... မဟုတ်ဘူး ... အဘ၊ ကျွန်တော် သတိမရဘူး"

"ဟေ!"

အဘက အလန့်တကြား ရေရွတ်ပြီး သူ့ကို ပြူးစိုက်ကြည့်သည် ။ သူလည်း ကြောင်စီစီနှင့် ပြန် ငေးနေမိဆဲ။ ဟုတ်တယ်လေ ... သူ တကယ်ကိုပဲ ဘာမှ သတိမရတဲ့ ဟာ။

"သား ... သား ... ဒုက္ခပဲ၊ မင်း နည်းနည်းလောက်စဉ်းစားကြည့်ပါဦး၊ မင်းကို အဘတွေ့ တုန်းက မိုးရေထဲမှာ ၊ အဘ ကုန်ကားမီးရောင်နဲ့ပမင်း လဲနေတာကို တွေ့တာကွ"

"ကျွန်တော် အဘပြောတာတွေ ဘာတစ်ခုမှ မသိပါဘူးဗျာ၊ အခု ပြန်စဉ်းစားကြည့်တော လည်း ... အ ... ကျွတ် ... ကျွတ်၊ ခေါင်းကိုက်လိုက်တာဗျာ"

"မြတ်စွာဘုရား ! သား ... မင်း အတိတ်များ မေ့သွားပြီလား ... ခဏလေး၊ ဆရာဝန် သွားခေါ်လိုက်ဦးမယ်၊ ဒုက္ခပဲ ... ငါတော့ နေရင်းထိုင်ရင်း အမှုပတ်တော့မယ်ထင်တယ်"

အတော်လေးရိုးသားနုံအ,ပုံရသော ဦးလေးကြီးက တတွတ်တွတ်ရွတ်ကာ အခန်းပြင်သို့ အူ ယားဖားယား ပြေးထွက်သွားသည် ။ သူ့ခေါင်းတွေက ခုမှ ပိုကိုက်လာသလိုပင်။

သူ ဘယ်လိုကနေဘယ်လို အဘပြောသည့်ညောင်ပင်ကြီးအောက်ရောက်နေခဲ့ရသလဲ။ သူ ဘယ်သူလဲ။ သူ့မှာ မိဘတွေရော ရှိသေးလား။ သူ့အိမ်ကရော ဘယ်မှာ လဲ။

အား … ဘာမှ မသိဘူး။ ခေါင်းထဲမှာ အူထွေရှုပ်ထွေးနေတာပဲသိသ
ည် ။

သူ မျက်ဝန်းများကို ဇွတ်အတင်း ဖိမှိတ်ထားလိုက်တော့သည် ။

*

“ဘယ်အချိန်ထိ လုပ်ချင်တာတွေ လျှောက်လုပ်နေဦးမှာ လဲ တိမ်မျှင်
”

တိမ်က မေမေ့စကားကို မသိကျိုးကျွန်ပြုကာ ခရီးဆောင်အိတ်ရဲ့ ဇ
စ်ကို ဂွျီးခနဲ ဆောင့်ဆွဲ ပိတ်လိုက်ပါသည် ။ ခုချိန်မှာ မေမေနဲ့ အတိုက်အ
ခံလုပ်ပြီး ဘာမှ ပြန်မပြောချင်။

လိုအပ်သမျှပစ္စည်းအားလုံး ပါပြီးပြီမို့ မေမေ့ရှေ့မှ ခပ်တည်တည်ပင်
ထွက်လာခဲ့သည် ။ အိမ် ရှေ့မှာ တိမ့်ကိုရပ်စောင့်နေသူတစ်ဦးရှိသည် ။
ထိုသူက တိမ့်လက်တစ်ဖက်ကို ကိုင်ဆွဲရင်း အလော တကြီးပင် တောင်း
ပန်စကားဆိုလာသည် ။

“သ … သမီးရယ်၊ စိတ်လိုက်မာန်ပါတွေ လျှောက်မလုပ်ပါနဲ့ လို့
ဒေါ်ကြီး နောက်ဆုံးအကြိမ် တောင်းပန်ပါရစေကွယ်၊ မ … မမလွင် ကြ
ည့်ပြောပါဦးရှင်”

“ကဲပါ ဒေါ်ကြီးငွေရယ်၊ ဘာတွေထပ်ပြောနေမှန်း မသိဘူး၊ စိတ်ညစ်
လိုက်တာ၊ ကျွန်မ ဒေါ်ကြီးအိမ်ကို သိပြီးသားနော်၊ လမ်းထိပ်မှာ တက္ကစီ
ငှားပြီး စောင့်နေမယ်၊ မြန်မြန်လိုက်လာခဲ့၊ မဟုတ်လို့ ကတော့ ကိုယ့်
ဟာကိုယ် လစ်တော့မှာ ”

“တိမ်မျှင်”

တိမ် လှည့်ထွက်ဖို့ ပြင်စဉ် မေမေ့အသံက ဟိန်းခနဲ ထွက်ပေါ်လာ

တာမို့ ခြေလှမ်းများကို တုံ့ရပ်လိုက်ရင်း ...

“ပြော ... မေမေ”

“နင် ... နင် ... တိမ်မျှင် ... နင်ဟာ မိဘကို တော်တော် စိတ်ဒုက္ခပေးပါလားဟဲ့”

“မေမေလည်း တိမ့်ကို စိတ်ဆင်းရဲအောင် လုပ်တာပဲလေ၊ မေမေနဲ့ တိမ် အပေးအယူ မမျှ သေးသရွေ့၊ နားလည်မှုမထားနိုင်သရွေ့ မျက်နှာချင်းမဆိုင်ကြတာပဲ ကောင်းမှာ ပါ ...

ဒေါ်ကြီးငွေက တိမ့်အဒေါ်ရင်းလို ဖြစ်နေတာ၊ သူ့အိမ်လိုက်နေလို့ ဘာပြဿနာမှ မရှိပါဘူး၊ အဲဒါကြောင့် မေမေ စိတ်မပူပါနဲ့ ”

“သမီး ... တိမ်၊ ဒေါ်ကြီးတို့ အဆင့်အတန်းနဲ့ သမီးက ...”

“ဒီမှာ ... ဒေါ်ကြီး၊ ကျွန်မအတွက် အဲဒါတွေ အရေးမကြီးဘူးဆိုတာ ဒေါ်ကြီး အသိဆုံးပါ၊ ပြောနေကြာတယ်၊ ကျွန်မ သွားနှင့်တော့မယ်”

“ဟဲ ... ဟဲ့ ... သမီး”

“ထားလိုက်တော့ မငွေ၊ ကျွန်မအပေါ် ဒီလောက်တောင် လုပ်ရက်တဲ့ သမီး၊ ကျွန်မဘက်က လည်း သံယောဇဉ်ကိုဖြတ်ထားလိုက်ဦးမယ်၊ ဒါပေမဲ့ သူ့အတွက် အစစအရာရာ မငွေ တာဝန်ယူပေး ပါနော်”

“စိတ် ... စိတ်ချပါ မမလွင်ရယ်”

တိမ်က မေမေ့စကားများ အတွက် ပခုံးတွန့်ကာ အေးအေးဆေးဆေးပင် လျှောက်လာခဲ့ပါ သည် ။

တိမ့်အတွက် စိတ်ထွက်ပေါက်ရဖို့ ဒီနည်းသာရှိတော့သည် ။ မေမေကတော့ ဟိုးလွန်ခဲ့သော နှစ်ပေါင်းများ စွာကတည်းက တိမ့်အတွက် De

fination တစ်ချက်ဖွင့်ထားခဲ့သည် ။

"မိုးတိမ်မျှင်ဆိုသည် မှာ ကမ္ဘာပေါ်၌ ပြောရအခက်ဆုံး၊ ခေါင်းကြော အမာဆုံး မိန်းကလေး တစ်ဦးဖြစ်သည် "တဲ့ ။ တကယ်လည်း တိမ်နှင့် မေမေ့ ဖွင့်ဆိုချက်က ထပ်တူကျခဲ့ပါသည် ။

*

"ကဲ … ညောင်ညိုရေ၊ ဒါ … ငါတစ်ယောက်တည်း လွတ်လွတ်လပ် လပ်နေတဲ့ အိမ်ပဲ၊ ငါ့မိန်းမ ဆုံးပြီးတည်းက အထီးကျန်ကျန်နဲ့ နေလာခဲ့ ရတာပေါ့ကွာ၊ ခုတော့ မင်းက ငါ့မွေးစားသား ဖြစ်သွားပြီ၊ မင်း အရင်က ဘယ်လိုနေခဲ့ရတယ် ငါမသိပေမယ့် ဒီမှာ တော့ မင်းအတွက် အစစအ ရာရာ အကောင်းဆုံးဖြစ်အောင် အတတ်နိုင်ဆုံး ငါ ဖန်တီးပေးပါ့မယ်"

"ဟာ … မဟုတ်တာ အဘရယ်၊ ကျွန်တော့်ကို ခုလိုခေါ်လာတာပဲ ကျေးဇူးတင်လှပါပြီ။ ကျွန်တော် နေတတ်ပါတယ်"

"ငါက မင်းကို သားလေးလို သံယောဇဉ်တွယ်သွားတာလည်း ပါတ ယ်ကွ၊ တစ်ချိန်ကျ မင်း ဘဝမှန်ကို ပြန်သတိရသွားရင်လည်း တို့ တွေခွဲ ရမှာ ပေါ့ကွာ …

ဟောဒါ … မင်းနေရမယ့်အခန်းပဲ ညောင်ညို"

ပေနှစ်ဆယ် လေးဆယ်ပတ်လည် ခြံဝင်းနှင့် လုံးချင်းပျဉ်ထောင်အိမ် လေးက သူ့အတွက်တော့ နေချင့်စဖွယ်ပင်။ ခြံထဲမှ အလှပန်းနှင့် သီးပင် စားပင်မျိုးစုံ စိုက်ပျိုးထားသေးသည် ။

အဘ သူ့အတွက်ပေးသော အခန်းက လေဝင်လေထွက်ကောင်းကာ အဆင်ပြေစေလှသည် ။

အဘက သူ့ကို ညောင်ညိုတဲ့ ။ ညောင်ပင်ကြီးအောက်မှာ တွေ့ခဲ့၍

ထိုသို့မှ ညှိခေါ်သည် ဆိုပဲ။

အစက ညောင်ညောင်ဟူ၍ မှ ညှိမည်ပြင်သေးသည် ။ သူက လူရွှင်တော်မင်းသားကြီးတစ် ယောက်နှင့် တိုက်ရိုက်တူနေသည် ဆို၍ ညောင်ညောင်မှ ညောင်ညို ဖြစ်သွားခြင်းပင်။

"ညောင်ညို ... မင်း ဗိုက်ဆာနေပြီလား"

"ဟင့်အင်း ... ကျွန်တော် ဒီရပ်ကွက်လေးအကြောင်း နည်းနည်းသိချင်တယ် အဘ"

"အင်း ... ကိုယ်နေရမယ့် ပတ်ဝန်းကျင်သစ်အကြောင်း စိတ်ဝင်စားတတ်ကြတာ သဘာဝ ပါပဲ၊ ဒီလိုလုပ် ... ညနေကျရင် ငါ တစ်အိမ်ဝင်တစ်အိမ်ထွက် လိုက်မိတ်ဆက်ပေးမယ်၊ မင်း အတွက် မိတ်ဆွေသစ်တွေ တိုးတာပေါ့ကွာ"

"အဘ ... ကျွန်တော့်အကြောင်းတော့ ကျေးဇူးပြုပြီး ဖုံးထားပေးပါနော်"

"ဟေ ... အဟား ဟား၊ ငါ သိပါတယ်ကွ၊ မင်းကို ငါ့တူဝမ်းကွဲဆိုပြီး မိတ်ဆက်ပေးမှာ ပါ"

ဘာပဲဖြစ်ဖြစ် ဘယ်ကနေ ဘယ်လိုရောက်လာမှန်းမသိသောသူဟာ အတိတ်မေ့ဝေဒနာရှင်ဖြစ် နေသည့်အကြောင်း ဘယ်သူ့ကိုမှ မသိစေချင်ပါ။ နောင်ခါလာ နောင်ခါစျေး နောက်ပြဿနာ နောက် မှ ပဲ ရှင်းချင်သည် ။

လက်ရှိမှာ သူက အဘ ဦးသောင်းတင်ရဲ့ ဆွေမျိုးတော်စပ်သူ မောင်ညောင်ညို၊ ဒါပဲသိထား တာ ကောင်းမည်။

"ကဲ ... သား၊ ရေချိုးရင် အိမ်ဘေးမှာ ရေတုံကင်ရှိတယ်၊ ဇလားရှိတ

ယ်၊ ကြိုက်သလောက် နှိပ်ချိုး၊ လောလောဆယ်တော့ ငါ့မှာ ရှိတဲ့ အဝတ် အစားတွေပဲ ခဏယူဝတ်ထားပေါ့၊ ညနေကျမှ မင်းနဲ့ ငါ ဈေးပတ်ဝယ်ကြမယ်”

“ဟိုလေ… အဘ”

“ပြော … ဘာတုန်း”

သူက လည်ပင်းမှ အိပျော့ပျော့အရာလေးထံ လက်ဖြင့်စမ်းရင် မဝံ့မ ရဲ ဆိုလိုက်ပါသည် ။

“ကျွန်တော့် ဒီဆွဲကြိုးလေးကို …”

“တော် … တော် … ငါက အရိပ်ပြရင် အကောင်မြင်တတ်တဲ့ နေရာ မှာ ဆရာကြီးကွ၊ မင်း ဘာပြောချင်တယ်ဆိုတာ ငါ ရိပ်မိတယ် …

ခုချိန်မှာ မင်းက ငါ့သား၊ သားအတွက် အဖေက တာဝန်ယူတယ်လို့ ပဲ သဘောထား၊ ငါ့စေတနာကို အသိအမှတ်ပြုတယ်ဆိုရင် ငါ့စကား နားထောင်၊ ဟုတ်ပြီလား …

ငါ့မှာ ထောက်ထားငဲ့ညှာရမယ့် မိသားစုလည်း မရှိဘူး၊ ငါရှာသမျှက ငါ့အတွက်ချည်းပဲ၊ မင်း တစ်ယောက်အတွက်နဲ့ တက်တက်ပြောင်စင် အောင် မွဲသွားမှာ မဟုတ်ဘူး ”

သူ ဘာမှ ဆက်မပြောသာတော့ချေ။ အဘကျေးဇူးတွေက သူ့အပေါ် တစ်စထက်တစ်စ တိုး ပွားများ ပြား လာလေပြီ။

“ကဲ … ညောင်ညို၊ ငါ ပြင်ဆင်ချက်ပြုတ်လိုက်ဦးမယ်ကွ၊ မင်း အေး အေးဆေးဆေးနားပြီး မှ ရေချိုး၊ ကြားလား”

“ကျွန်တော်လည်း ဝိုင်းလုပ်ပေးမယ်လေ … အဘ”

"မလိုပါဘူးကွာ၊ နေသာသလိုနေစမ်းပါ၊ မင်းက ခုမှ ဆေးရုံကဆင်း ခါစ လူနာပေါက်စလေး၊ ဘာမှ မလုပ်နဲ့ "

သူ ဘယ်လိုပြောပြော အဘကငြင်းသည် ။

နောက်ဆုံးတော့ လက်လျှော့၊ စိတ်လျှော့ကာ သူ့အခန်းလေးထဲ ဝင် လာခဲ့ပါသည် ။

တစ်ရေးလောက် အိပ်လိုက်တာ ကောင်းမည်ထင်သည် ။

*

ညနေကျတော့ အိမ်နှင့်မနီးမဝေးမှာ ရှိသော ဈေးသို့ သူနှင့်အဘ ရောက်လာခဲ့ကြသည် ။

သူ့အတွက် လိုအပ်တာအားလုံးဝယ်ပြီးချိန်မှာ အဘရဲ့ မိတ်ဆက်ခြင်းအခမ်းအနား စတင်ပါ သည် ။

အဘက သူတို့ လမ်းထိပ်ရောက်သော် ပထမဆုံးမြင်ရသည့် အသုပ် ဆိုင်ကို လက်ညှိုးထိုးပြ ကာ ...

"အဲဒါ ဒေါ်ကြီးငွေရဲ့ အသုပ်ဆိုင်၊ ကြာဆံ၊ ခေါက်ဆွဲ၊ ကော်ပြန့်၊ တု တ်ထိုး အစုံရတယ်၊ အရမ်းလည်းကောင်းတယ်ကွ"

ဟု ဆိုပြီး အသုပ်သုပ်နေသော အဒေါ်ကြီးရှေ့သွားရပ်သည် ။

"ဟော ... ဦးသောင်းတင်၊ ဘာစားမလဲ ထိုင်လေ"

"မစားတော့ဘူး၊ ကျွန်တော့်တူတစ်ယောက်နဲ့ မိတ်ဆက်ပေးမလို့ ၊ သူ့နာမည်က ညောင်ညို တဲ့ "

"ဩော် ... ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါ"

သူလည်း တရင်းတနှီး ပြုံးပြနှုတ်ဆက်လိုက်ပါသည် ။ ထိုဆိုင်မှ ထွက်လာတော့ အဘကပြော သည် ။ “ဒေါ်ကြီးငွေက အဘတို့ လမ်းရဲ့ ဟိုဘက်ထိပ်မှာ နေတာ”တဲ့ ။ ဒေါ်ကြီးငွေမှာ သမီး တစ်ယောက်ရှိသည် ။

အမေတစ်ခု သမီးတစ်ခုဖြင့် ဘဝကို ရိုးရိုးသားသား ဖြတ်သန်းနေကြသူများ အကြောင်း သူ လေးစားစွာ ကြားသိလိုက်ရသည် ။

နောက်တစ်အိမ်က ဥက္ကဋ္ဌကြီး ဦးသန်းသိန်းအိမ်။ ဥက္ကဋ္ဌကြီးက နဖူးပြောင်ပြောင်၊ ဗိုက်ရွဲရွဲ၊ ပုကွကွနှင့် ဆံပင်ကောက်ပြီး မျက်ပေါက်မှေးသည် ။ သို့သော် ဖော်ရွေသဘောကောင်းသည် ။ သူ့ကိုလည်း မြင်မြင်ချင်း ခင်ရှာပါသည် ။

ထိုသို့ဆက်လျှောက်လာရာ တစ်လမ်းလုံးမှာ အလှဆုံး၊ အသားနားဆုံးဟု ထင်ရသော နှစ်ထပ် တိုက်အိမ်တစ်လုံးရှေ့သို့ ရောက်သည် ။ ထိုအိမ်ရှင်လင်မယားက ဈေးထဲမှာ ရတနာပစ္စည်းအရောင် တင်လုပ်ငန်းလုပ်သည် ။ အတော်လေးချမ်းသာကြပါသည် ။

သူတို့ အိမ်က ပြန်လာတော့ အဘကပြောသည် ။

“မင်း သိထားရအောင်သာ မိတ်ဆက်ပေးတာ၊ သူတို့ က ပိုက်ဆံရှိသလောက် အရမ်းကပ်စေး နည်းပြီး စီးပိုးတဲ့ သူတွေကွ၊ သူတို့ ကိုတော့ မေးထူးခေါ်ပြောစာရင်းထဲသွင်းထား၊ လမ်းထဲမှာ သာရေး နာရေးရှိလည်း ဘယ်တော့မှ မလာဘူး၊ သူတို့ ခေါင်းထဲမှာ စီးပွားရေးပဲရှိတာ၊ လက်ပေါက်ကပ်တဲ့ သူတွေ”တဲ့ ။

သူ့မှာ အဘစကားကြောင့် ပြုံးရသေးသည် ။

ထိုသို့ဆက်လျှောက်လာကြရာ ဇရပ်အိုလေးတစ်ခုရှေ့ရောက်သော်

…

“ဦးသောင်းတင် … ဘယ်ကပြန်လာတာလဲ၊ သူကရော ဘယ်သူလဲ”

“ကျွန်တော့်တူလေးပါဗျာ၊ မဘဲဥ နေကောင်းတယ်နော်”

“ဩော် … ကောင်းလို့ ဘဲဥတို့ ရိုးရာမပျက် အတင်းလာထိုင်ပြောနိုင် … အဲ … အဲလေ၊ ဒီက သူငယ်ချင်းတွေနဲ့ ဟိုအကြောင်း ဒီအကြောင်း လာဆွေးနွေးနေတာပေ့ါ၊ ဦးသောင်းတင်ကလည်း ”

“ဟုတ်ပါပြီဗျာ … ဟုတ်ပါပြီ၊ ကဲ … သွားဦးမယ်ဗျ”

“ဟုတ်ကဲ့”

အမျိုးသမီးငါးယောက် သူတို့ နောက်မှာ တွတ်တီးတွတ်တာပြောရင်း ကျန်ခဲ့ရာ မလှမ်း မကမ်းရောက်သော် အဘက သူ့ကို လက်တို့ ပြီး …

“အဲဒါ ဒီလမ်းရဲ့ ဂုဏ်ထူးဆောင်ဂြိုဟ်တုလေ၊ သူ မသိတာ ဘာမှ မရှိဘူး၊ ထမင်းမစားရရင် သာ အငတ်ခံနိုင်တယ်၊ အတင်းမပြောရမနေနိုင် သူစာရင်းမှာ ထိပ်ဆုံးက နေရာယူထားတာ၊ အားလုံးက သူ့ပါးစပ်ထဲမှာ ချည်းပဲ”

သူက အဘပြောသည် ကို အရယ်တစ်ချက်ဖြင့်သာ တုံ့ပြန်မိပါသည် ။ လမ်းတစ်လမ်းမှာ အတင်းပြောတတ်၊ စပ်စုတတ်သူတစ်ယောက် လောက်ရှိမှ အနည်းငယ်စည်ကားသက်ဝင်နိုင်မည်ဟု သူ မဘဲဥဘက်မှ စာနာစွာ တွေးပေးနေမိသည် ။

အဘနှင့်သူ ဆက်လှမ်းလာကြရာ …

“ဟိုင်း … လေးသောင်း”

အရိပ်တစ်ခုက သူတို့ ရှေ့မှ ဘွားခနဲ ပေါ်လာသည် ။ သူက မြင်ကွင်း

ထဲဝင်လာသော လူတစ် ယောက်ကို ခေါင်းအစ ခြေအဆုံး စေ့စေ့ကြည့် ရင်း အကဲခတ်လိုက်မိပါသည် ။

ကျောလယ်မရောက်တရောက် ဆံပင်အုံထူပွပွကြီးအောက်မှ မျက်နှာက ခပ်သေးသေးပင်။ နဖူးမှာ အနီရောင်ခေါင်းပတ်စည်းထားပုံက ရုတ်တရက်ကြည့်လျှင် ကြောက်စရာ။ နှာခေါင်းပေါက် ထဲမှာ လည်း နားကွင်းတစ်ခု တပ်ဆင်ထားသည် ။ အနက်ရောင်အင်္ကျီနှင့် ဘောင်းဘီရှည်က လိုတာ ထက် ပိုကျပ်နေသည် ဟု သူ ထင်သည် ။ အညိုရောင်လည်သာရှူးဖိနပ်နှင့် ထိုလူက လွယ်လာသော ဂစ်တာအိတ်ကို ပခုံးပေါ်ပြောင်းထမ်းကာ သူတို့ ရှေ့သို့ မြောက်တီးမြောက်ကြွ လျှောက်လာသည် ။

နေပါဦး ... ဒီစတိုင်(လ်)၊ ဒီလိုသွင်ပြင်မျိုး သူဘယ်မှာ မြင်ဖူးနေပ့ါလိမ့်။

“ဟား ... မောင်မြင့်သိန်း၊ ဘယ်တီးဝိုင်းမှာ သွားဆိုမလို့ လဲကွ”

“ထွတ် ... ဘာ မောင်မြင့်သိန်းလဲ လေးသောင်းရာ၊ ခက်တော့တာပါပဲ”

“ဩော် ... အေး၊ အသက်ကြီးတော့ မေ့တတ်တယ်ကွယ်၊ ဘယ်သွားမလို့ လဲ ရော့ကာသိန်း ရဲ့ ”

“ဟဲ ဟဲ ... ဒါမျိုးမှ ပေ့ါ၊ ဘော်ဒါတွေနဲ့ သီချင်းရေးနေတာ လေးသောင်းရဲ့ ၊ ကျွန်တော်တို့ အခွေကြမ်းလုပ်နေတယ်လေ၊ ခေတ်သစ်ရော့(ခ်)လူငယ်များ အဖွဲ့ပေ့ါ”

“ဩော် ... ဩော် ... ကောင်းပါတယ်၊ မင်းတို့ က ခုခေတ်လူငယ်တွေလို ရက်ပါမလုပ်ဘဲ ရော့ကာလုပ်ကြမယ်ပေ့ါ”

"Yes … နော်တို့ က Don't like Hiphop, so like Rock ဟီး ဟီး ဟီး"

ရော့ကာသိန်းရဲ့ ဂီတနှင့် သူ့ရယ်ပုံက သိပ်မအပ်စပ်ဟု သူ မဆီမဆိုင် တွေးမိပါသည် ။

"ဒါနဲ့ သူက Who"

"ငါ မိတ်ဆက်ပေးမယ်၊ သူက ငါ့တူ ညောင်ညိုတဲ့ ၊ ကဲ … သားရေ သူကတော့ ဒီလမ်းရဲ့ စူပါရော့ကာကြီး မောင်မြင့်သိန်းပါ၊ မင်းတို့ နှစ်ယောက် ရွယ်တူလောက်ပဲထင်တယ်"

"ဟုတ်ကဲ့ … တွေ့ရတာ ဝမ်းသာပါတယ်၊ ရော့ … ရော့ကာသိန်း"

"Ok friend, ငါလည်း အတူတူပါပဲ သျှောင်ညို"

"ဟို … သျှောင်ညို မဟုတ်ဘူး ၊ ညောင်ညိုပါ"

"အိုး so sorry နော်"

ရော့ကာ့သိန်းက ခေါင်းတခါခါ၊ လက်တခါခါဖြင့် သူ့ကို ဟန်ပါပါ တောင်းပန်နေသည် ။ အင်း … ခုမှ သူ ခေါင်းမူးစပြုလာသလိုပင်။ ရော့ကာသိန်း လက်မှာ ဝတ်ထားသော သံကွင်း၊ သံကြိုး၊ စတီးလက်ကောက်တို့ က တချွင်းချွင်း ခလွန်း ခလွမ်းမြည်ကာ သူ့နားထဲ သံစုံနေတော့သည် ။

ရော့ကာကြီးနှင့် တွေ့ပြီးနောက် နှစ်ယောက်သား တရွေ့ရွေ့ လျှောက်လာရင်း …

"ရှေ့ … ရှေ့က … ဖယ်ပေး … စက်ဘီးမှာ ဘဲလ် မပါဘူး"

ဟား … စူးလိုက်တဲ့ အသံ။

သူ့နားတွေ ဆတ်ခနဲထောင်ကားသွားချိန်မှာ လူက ဟိုဘက်ပြေးရနိုး

နိုး၊ ဒီဘက်ရောင်ရနိုးနိုး ဖြင့် ထူပူသွားရသည် ။ အဘကတော့ သူ့လမ်းအထာ သူနပ်စွာ လမ်းဘေးကပ်ရပ်သွားလေပြီ။ ထို အချိန်မှာ ပင် ...

"ဖုန်း"

"အ ... အမယ်လေးဗျ"

သူ့နောက်ကျောမှ ပေါင်ကြားထဲသို့ တစ်စုံတစ်ရာ အရှိန်ပြင်းပြင်းနှင့် ပြေးဝင်ဆောင့်လာ သည် ။ တစ်ပြိုင်နက်မှာ ပဲ သူရော ... ထိုအရာပါ လမ်းပေါ်သို့ ဝုန်းခနဲ ... ဗိုင်းခနဲ ...။

"သား ... သား ... ညောင်ညို"

"အီး ... အား ... ကျွတ်"

သူ မျက်စိစုံမှိတ်ပြီး နာကျင်စွာ ရှုံ့မဲ့ရေရွတ်နေစဉ် ...

"ကဲ ... ဖြစ်ရမယ်၊ ဒီနေ့ တွတ်ပီကံမကောင်းပါလား၊ ဒီမှာ ရှင်ထနိုင်မလား"

သူက နာကျင့်အောင့်မျက်နေသော ညာဘက်တင်ပါးကို ခပ်ဖွဖွဖိကိုင်ထားရင်း အသံရှင်ကို မော့ကြည့်လိုက်သည် ။ သူတို့ နှစ်ယောက်နှင့် မလှမ်းမကမ်းမှာ အဘ၊ ပြိုလဲနေသော စက်ဘီးတစ်စီး နှင့် ဂေါ်ဖီထုပ်၊ ခရမ်းချဉ်သီးတချို့ မွဲစာကျဲနေသည် ။

အဘက သူတို့ နား ခပ်သွက်သွက်လျှောက်လာကာ ...

"သား ... ဘယ်နားနာသွားလဲဟင်၊ ထနိုင်ရဲ့ လား"

"ကျွတ် ... ကျွတ် ... ရပါတယ်၊ ဘာမှ မဖြစ်ပါဘူး အဘ"

"ဘာမှ မဖြစ်ဘူးလို့ ရှင်ကိုယ်တိုင် ပြောတာနော်၊ ဒါဆို ကျွန်မတာဝန် ပြီးပြီပေါ့၊ သွားတော့ မယ်"

"ခ ... ခဏလေးပါ၊ ခင်ဗျားရော ဘာဖြစ်သွားသေးလဲ"

သူမက တံတောင်ဆစ်နား၌ ပွန်းပဲ့သွားဟန်တူသော ဒဏ်ရာကို ငုံ့ကြည့်ကာ မဲ့ပြုံးတစ်ချက် ပြုံးသည် ။ ဒီလောက်ကတော့ မမှုပါဘူးဆိုသည့်သဘော။ သူမ အမူအရာကြောင့် အီး အား ကျွတ် ကျပ်တွေ တ,နေမိသော သူ့ကိုယ်သူပင် ပြန်ရှက်မိသွားရသည် ။

"ကျွန်မဒဏ်ရာက သေးသေးလေးပါ၊ ဆရာခို လိမ်းလိုက်ရင် နှစ်ရက်တည်းနဲ့ ပျောက်မှာ ၊ အချိန်မရှိလို့ ခွင့်ပြုပါဦး"

ပြောလည်း ပြော၊ စက်ဘီးကို ပြန်မတ်ထောင်ကာ သူမက ပစ္စည်းပစ္စယအချို့ ကောက်သိမ်း ပြီး သူ့ရှေ့မှ ဗိုးခနဲ ထွက်သွားတော့သည် ။ အချိန်မရှိလို့ တဲ့ ။ အိုဘားမားထက်ပင် အလုပ်များ နေရသူ တစ်ယောက်များ လား။

သူမက သူတို့ လမ်းရဲ့ အတွင်းပိုင်းထဲသို့ ဝင်သွားတာကြောင့် သူ အဘမျက်နှာကို အားကိုးတ ကြီး မော့ကြည့်လိုက်တော့ ...

"ဘယ်သူပါလိမ့်၊ ဒီလမ်းထဲမှာ စက်ဘီးစီးကြမ်းတဲ့ မိန်းကလေးမျိုး တစ်ယောက်မှ မတွေ့ ဖူးပါဘူး"တဲ့ ...။

သူ တဒင်္ဂအတွင်း လက်မှိုင်ကျသွားရသည် ။ ဒါဆို အဘသိသော ဒီလမ်းထဲကလူတွေစာရင်း မှာ သူမ မပါပေဘူးပေါ့။

"သား ... ဖြည်းဖြည်းထနော်၊ လမ်းလျှောက်နိုင်ရဲ့ လား"

"ဟုတ်ကဲ့ ... ရပါတယ်"

ဒီလိုနှင့် သူတို့ အိမ်ရောက်လာခဲ့သည် ။ မြီးညောင်းရိုးအောင့်သွားတာမို့ သူက အဘပေးသော လိမ်းဆေးလိမ်းရင်း ထိုဒဏ်ရာဖြစ်တည်လာစေသော အဖြစ်အပျက်တချို့ကိုပါ မြင်ယောင်နေမိပါ သည် ။

သူမ ... ဘယ်သူလဲ။ ဒီလမ်းထဲမှာ နေရိုးမှန်လျှင်တော့ သူနဲ့ တစ်ကွေ့မဟုတ် တစ်ကွေ့ ပြန်ဆုံခွင့်ရနိုင်သည် ။

ဟာ ... ပြဿနာပဲ။ သူ ဘာတွေတွေးနေမိတာလဲ။

*

"ဗျို့ ... လေးသောင်း၊ ညောင်ညို ... မရှိကြဘူးလားဗျ"

အဝေးကကြားတာနှင့် ရော့ကာသိန်း အသံမှန်းသိတာမို့ သူက ထမင်းစားရင်းတန်းလန်း အဘမျက်နှာကို လှမ်းကြည့်လိုက်သည် ။ အဘက အိမ်ရှေ့ဘက် မျက်စပစ်ပြကာ ...

"သူကြိုက်တဲ့ ဂီတနဲ့ သူ့အသံအားကောင်းပုံနဲ့ တော့ ကွက်တိပဲ၊ ကဲ ... သား၊ မင်းပဲ ထွက် ကြည့်လိုက်"

သူက အဘစကားနားထောင်စွာ အိမ်ရှေ့ဘက်ဆီ ထွက်လာခဲ့ပါသည် ။ သူ့ကိုမြင်မြင်ချင်း ရော့ကာသိန်းက ...

"ဟား ... သယ်ရင်း။ မင်း ပျင်းနေမှာ စိုးလို့ လာခေါ်တာ လက်ဖက်ရည်ဆိုင်ထိုင်ရအောင် လိုက်ခဲ့ပါလား"

"ငါ ထမင်းစားနေတာကွ"

"ဒါဆို ငါ ထိုင်စောင့်မယ်လေ"

"အားနာစရာကြီး၊ ပြီးတော့ အဘက လွှတ်ပ့ါမလားမသိဘူးကွ"

သူ့စကားမှ မဆုံးသေးခင် ...

"လွှတ်ပါတယ်ကွာ၊ မင်းလည်း လူပျိုလေးတစ်ယောက်ပဲ၊ ဟိုနား ဒီနား သွားချင်လာချင်ရှာ မှာ ပေ့ါ။ အရမ်းကြီးမိုးမချုပ်စေနဲ့ "

ဟူသည့် နောက်ဖေးခန်းမှ အဘအသံ လွင့်ပျံ့လာသည် ။ အဘခွင့်ပြု ချက်ရပြီးပြီမို့ သူက ထမင်းစားခြင်းကို မြန်မြန်သွက်သွက် လက်စသတ် ကာ ရော့ကာသိန်းနှင့်အတူ လမ်းထိပ်ရှိ “ရွှေဟန်ကြီး” လက်ဖက်ရည် ဆိုင်သို့ ချီတက်ခဲ့သည် ။

“မင်းကို ငါ့ဘော်ဒါတစ်ယောက်နဲ့ မိတ်ဆက်ပေးရဦးမယ်ကွ၊ သူလ ည်း ဂစ်တာသမားပဲ၊ ဒါပေမဲ့ သူက Pop လိုင်း၊ ငါနဲ့ လိုင်းချင်းကွာတယ်၊ ဒီကောင်လည်း သီချင်းတွေရေးတယ်”

“ရော့ကာသိန်းတို့ ရပ်ကွက်ထဲမှာ အနုပညာသမားတွေ တော်တော် များ တယ်နော်”

“Right ကိုယ်တို့ က အနုပညာချစ်သူတွေလေ၊ အခြေခံအနုပညာက နေ အထက်တန်းအနု ပညာအထိ အယုတ်၊ အလတ်၊ အမြတ်မရွေး အား လုံးကို လေးစားတယ်၊ အားပေးတယ်၊ ဟော ... ဟိုကောင် လာပြီ ... ဟေ့ ... ကိုဝိုင်း၊ ငါတို့ ဒီမှာ ကွ”

ကိုဝိုင်းဆိုသူက ဆံရှည်ကုပ်ထောက်၊ နားကွင်းတစ်ဖက်ပန်ထားသ ည့် တကယ့်ဂစ်တာသမား လို စတိုင်(လ်)မျိုးဖြစ်သည် ။

“ရောက်နေတာ ကြာပြီလား ငသိန်း”

“ခုပဲကွ၊ မင်းနဲ့ မိတ်ဆက်ပေးရမယ်၊ ဒါက တို့ လမ်းထဲကို ရောက် လာတာ မကြာသေးတဲ့ သူငယ်ချင်းအသစ် ညောင်ညိုတဲ့ ၊ ကဲ ... ညောင် ညို၊ သူက ကိုဝိုင်းမင်း၊ ဒီ လက်ဖက်ရည်ဆိုင်ကပ်ရပ် က အခွေဆိုင်ပိုင်ရှ င်ပေါ့၊ မင်း အခွေငှားချင်ရင် ကိုဝိုင်းဆိုင်မှာ ငှားလို့ ရတယ်”

“ဘော်ဒါတစ်ယောက်တိုးတာ ဝမ်းသာစရာပါပဲ၊ လိုတာရှိရင်လည်း အကူအညီတောင်းပေါ့ ညောင်ညို၊ ဒါနဲ့ ... နေပါဦး၊ ညောင်ညိုဆိုတဲ့ နာ

မည်က ခပ်ဆန်းဆန်းပဲနော်”

“ဗျာ ... ဟုတ် ... ဟုတ်ကဲ့၊ ဟိုလေ ... အဖေမှ ညွှ်ပေးခဲ့တာပါ”

“ဟား ဟား ... ဘာပဲဖြစ်ဖြစ် ကောင်းပါတယ်၊ ကျောင်းရောပြီးသွားပြီလား”

သူ ခေါင်းတစ်ချက်ကုတ်ရင်း စဉ်းစားဟန်ပြုသည် ။ ခုချိန်မှာ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ အလိုက်အထိုက်တော့ ပြန်ဖိန့်ရတော့မှာ ပင်။

“ဟုတ် ... ပြီးသွားပြီ၊ ကိုဝိုင်းရော”

“ငါက ပထဝီနဲ့ ပြီးတာကွ”

“ဟာ ... ကျွန်တော်လည်း အတူတူပဲ”

“ကဲ ... ဒီနေ့ ဘော်ဒါအသစ်တစ်ယောက် ထပ်တိုးတဲ့ အထိမ်းအမှတ်အနေနဲ့ ဒီဝိုင်းကို ငါရှင်းမယ်”

“အာ ... မဟုတ်တာ၊ ရော့ကာသိန်းရှိရင် ဘယ်သူ့အိတ်ထဲကမှ အထုတ်မခံဘူး၊ ငါပဲ ရှင်းမှာ ”

ရော့ကာသိန်းက သိပ်အချမ်းသာကြီး မဟုတ်သော်ငြား လူတန်းစေ့စားနိုင်သောက်နိုင်၊ သုံးဖြုန်းနိုင်သော အဆင့်အတန်းမျိုးဖြစ်သည် ။ အမြှောက်ကြိုက် ပျော်ပျော်နေတတ်ပြီး အင်မတန် မှ လည်း လက်ဖွာသူ ပင်။

“ကဲပါကွာ၊ ရှင်းချင်လွန်းသပဆိုရင်လည်း ရှင်းပါ၊ မင်းကောင်မလေးနဲ့ ရော အဆင်ပြေလား ငသိန်း”

“No ... သိပ်မကြာခင် ပြတ်တော့မှာ ၊ သူ့ဘက်ကပြနေတဲ့ အရိပ်လက္ခဏာတွေက ငါ့အတွက် ဘဝင်မကျစေဘူး”

“အေး … ငါလည်း မင်းကို အဲဒါပြောချင်တာ”

“ဘာကိုလဲ”

ညောင်ညိုက လက်ဖက်ရည်တစ်ငုံ, ငုံပြီး ဂီတအနုပညာသမားနှစ်ယောက်၏ မျက်နှာကို တစ်လှည့်စီစူးစမ်းအကဲခတ်လိုက်သည် ။ ဒီနေရာမှာ သူကတပည့်။ ကောင်မလေးအကြောင်း။ တစ် နည်းအားဖြင့် အချစ်အကြောင်း ပြောနေတာမို့ သူက လူပျိုလေးပီပီ စိတ်လှုပ်ရှားစွာ ရင်ခုန်နားဆင် ချင်ပါသည် ။

“ငါ မနက်က ၃၅-လမ်းမှာ အခွေသွားဝယ်တုန်း မပဟေသီကို ဘဲတစ်ပွေနဲ့ တွေ့ခဲ့တယ်၊ အဲဒီ ဘဲက ပရိုဂျူဆာတစ်ယောက်ပဲကွ၊ ငါ ကောင်းကောင်း သိတယ်၊ အောင်မဟာမင်း ရုပ်ရှင်ထုတ် လုပ်ရေးက၊ သူက နာမည်ကြီးမင်းသား သုံးယောက်ကို ဆွဲစေ့ချုပ်ကိုင်ပြီး အတော်လေး အလုပ် ဖြစ်နေတာ၊ မင်းမပဟေသီကလည်း မင်းသမီးရူး ဆိုတော့ …”

“ရပြီ ကိုဝိုင်း၊ ငါ ဒီသတင်းတွေကြားပြီးပြီ၊ သူက အောင်မြင်တဲ့ မင်းသမီးတစ်ယောက်ဘဝ ကို ပိုင်ဆိုင်ဖို့ ဖြတ်လမ်းနည်းကနေ လိုက်ချင်တယ်၊ ပရိုဂျူဆာတွေ ဒါရိုက်တာတွေနဲ့ ပရောပရီနေ တယ်၊ ထားလိုက်ပါတော့၊ ဒါတွေကို ငါ ကိုယ်ချင်းစာတယ်၊ နားလည်ပေးလို့ ရတယ် …

ဒါပေမဲ့ သူ့အလုပ်ကို ငါ နားလည်ပေးသလို ငါ့ဂီတ၊ ငါ့ဝါသနာကိုကျတော့ သူ အမြဲနှိမ်ချ ချင်တယ်၊ အဲဒါ ငါ မခံချင်ဘူး၊ မခံနိုင်ဆုံး အချက်ပဲ …

ငါ့ဂီတကို အားမပေးချင်နေပါ။ အထင်သေးစော်ကားတာမျိုးတော့ လုံးဝဆောရီးပဲ၊ အနုပညာသမားအချင်းချင်း ကိုယ်ချင်းစာစိတ်မထားနိုင်တဲ့ မိန်းမနဲ့ လမ်းခွဲရလို့ လည်း ငါ့နှလုံးသား က အေးဆေးပဲ”

“မင်း အနည်းနဲ့ အများ တော့ ခံစားရမှာ ပါ၊ နှစ်နှစ်လောက် အပင်ပ န်းခံပြီး လိုက်ထားရတဲ့ ရည်းစားကို လွယ်လွယ်နဲ့ တော့ မမေ့နိုင်လော က်ပါဘူး”

“မေ့နိုင်အောင် မေ့မယ်ကွာ၊ နောက်ဆုံး ငါ့ Rock သီချင်းတွေနဲ့ ရွက် ကုန်ဖွင့် ပေါက်ကွဲ ပစ်လိုက်မယ် ... မိန်းမတွေ ... မိန်းမတွေ ... တော် တော်ခက်တာပဲ”

“ကဲ ... ညောင်ညို၊ တွေ့လား ... စူပါရော့ကာကြီးတောင် အချစ်နဲ့ ပ တ်သက်ပြီး ဘောင်ဘင် ခတ်နေပြီ၊ မိန်းမတွေ့ရင် ဆယ်ပေအကွာကနေ ရှောင်ကွ ... သိလား ...

မင်းမှာ ရော ကောင်မလေး မရှိဘူးလား”

“ဗျာ ... အဲ”

သူ ဘာပြောရမှန်းမသိ အိုးတိုးအမ်းတမ်း ဖြစ်သွားပုံကိုကြည့်ကာ R ock ကြီးနှင့် Pop ကြီး နှစ်ဦးလုံးက ဝါးလုံးကွဲရယ်လေသည် ။ ကောင်မ လေး ... ကောင်မလေးဆိုလို့ သူအတိတ်မေ့နေစဉ် ကာလလေးမှာ ထူး ထူးခြားခြား ဆုံခွင့်ရခဲ့တာ ဟိုတစ်ယောက်ပဲရှိသည် ။

“ဘာလဲ ... ညောင်ညို၊ မင်းက အချင်းချင်း ဒိုင်လျှိုတာလား”

“မဟုတ်ပါဘူးဗျာ၊ ပြောဖို့ စောနေသေးလို့ ပါ”

“ကြည့်စမ်း၊ ဒါဆို မင်းကြိုးစားဆဲကာလပဲ ရှိသေးတာပေါ့ လုပ်စမ်း ပါဦးကွ၊ ဘယ်သူလဲ ဘယ်ကလဲ၊ မင်းနဲ့ ရွယ်တူလား၊ ညီမလေးလား၊ မ မလား၊ အန်တီကြီးလား”

“ငသိန်း ... မင်းမေးပုံကြီးကလည်း ကွာ၊ အန်တီကြီးတွေတော့ ဘာ လုပ်ရမှာ လဲကွ”

"သိဘူးလေ၊ အန်တီအပျိုကြီးလည်း ဖြစ်နိုင်တာပဲ"

"ကိုဝိုင်းရော ငသိန်းပါ ဒီကိစ္စကို အထူးလျှို့ဝှက်ထားပေးနော်၊ ကျွန်တော် ခင်လို့ ပြောပြမှာ "

"အေး ... အေး လုပ်ပါကွ၊ ဘူလေးလဲ"

"သူက ဒီနားတဝိုက်ကပဲ ဖြစ်နိုင်လောက်တယ်၊ သူ့ကို ကျွန်တော် တစ်ရက်ပဲ တွေ့လိုက် တာ"

"ဟေ"

"အမ် ... ဘာကြီးတုန်းကွ၊ မင်းဟာက"

နှစ်ယောက်သားရဲ့ မောင်းတင်ထားသော မျှော်လင့်ချက်မျက်နှာများက ရုတ်ခြည်းပင် ညှိုးရော်မှိုင်းဖျော့သွားကြပါသည်။ ရော့ကာသိန်းက ဆေးလိပ်တစ်ရှိုက်ဖွာရင်း မဲ့ကာရွဲ့ကာဆိုသည်။

"ခုမှ စတုန်းဆိုပါတော့ ... ဒီလိုလား"

"အင်း ... ဟုတ် ... ဟုတ်တယ်"

"ကောင်းရော၊ မင်းပြောတာ ဒီနားတစ်ဝိုက်နော်၊ ဒီလမ်းထဲမှာ ငါမသိတဲ့ သူ မရှိသလောက် ပါပဲ၊ ဘယ်သူပါလိမ့်"

"သူက ချောတယ်"

"ဟွန်း ... ချောလို့ လဲ မင်း စိတ်ဝင်စားတာ မဟုတ်လား၊ နေပါဦး ချောတာ ချောတာ ... နှင်းဝေနဲ့ လပြည့်တို့ ညီအစ်မ၊ ငါတို့တစ်အိမ်ကျော်က မေဆု၊ ဝတ်မှုန်ရွှေရည်နဲ့ တူတယ်ဆိုတဲ့ သီရိ၊ သူ့ကိုယ်သူ ဒုတိယမြောက်အွန်စောလို့ ကြွေးကြော်တတ်တဲ့ ဖြိုးမာ၊ နှာခေါင်းနည်းနည်းပွပေမယ့် ဆွဲဆောင်မှုရှိတဲ့ ချိုထွေး၊ ပြီးတော့ ... ပြီးတော့ ... စ

ဉ်းစားစမ်း၊ တို့ ရပ်ကွက်ရဲ့ အချောအလှပဂေး တွေ”

“ကဲ … တော်ပါတော့ သေိန်းရာ၊ မင်းစနစ်တကျ စာတမ်းပြုစုထား တာသာ တစ်ယောက် ယောက်သိရင် နေရင်းထိုင်ရင်း နှာဘူးဆိုချီးမြင့် နေဦးမယ် …

ညောင်ညို … မင်းကောင်မလေးရဲ့ ပုံစံပြောပြ”

“ဟို … သူ … သူ့ဘယ်ဘက်နှုတ်ခမ်းအစွန်းနားမှာ မှဲ့နီသေးသေး လေးတစ်လုံးပါတယ်၊ သေချာကြည့်မှ မြင်ရတာ”

“ရော် … ခက်ပြန်ပြီ”

“ဟုတ်တယ်ဗျ၊ ပြီးတော့ သူ့ဆံပင်က ကျောလယ်မရောက်တရောက် ဖြောင့်စင်းနေတာပဲ၊ ကော်ဖီရောင်ဆိုထား … ဟာ … ဟို … ဟိုမှာ … ဟိုစက်ဘီးပေါ်က … သူပဲ … သူပဲ”

သူက မြင်ကွင်းရှေ့မှ အရာကို အလန့်တကြား လက်ညှိုးထိုးပြတော့ ကိုဝိုင်းနဲ့ သေိန်းတို့ ဆတ်ခနဲ လှည့်ကြည့်ကြသည် ။ ဟုတ်ပါတယ် … စက်ဘီးစီးကြမ်းသော သူမလေးဟာ သူမမှ သူမ အစစ်ပါပဲ။ မလွဲနိုင်ပါ။

ဒီတစ်ခါတော့ ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြုံးရင်း တုံ့ပြန်လာသူ က Pop သမားကြီး ကိုဝိုင်း။

“ဟင်း ဟင်း ဟင်း … ဒါလေးလား ညောင်ညိုရ”

“ကိုဝိုင်း သိလို့ လားဟင်”

“ငဝိုင်း … ဒီနေရာမှာ မင်းက ငါ့ထက်ပိုသာသွားပြီ၊ ပြောစမ်း … ငါ လို ဘာမှ မသိတာမရှိတဲ့ ကောင်တောင် ညောင်ညို့ဟာလေးကို ခုမှ မြင် ဖူးတာ၊ သေချာတာတော့ သူက ငါတို့ ရပ်ကွက်ထဲက မဟုတ်ဘူး ကွ၊ ခ

ဏတဖြုတ် လာနေတာဖြစ်မှာ ”

“အေး … မင်းတို့ အသုပ်ဆိုင်က ဒေါ်ကြီးငွေကိုတော့သိမှာ ပေါ့”

“အင်း … သိတယ်လေ၊ သူက ဒေါ်ကြီးငွေ အမျိုးလား”

“ဟုတ်တယ်၊ ဆွေမျိုးမကင်းဘူးတဲ့ ၊ သူ့အမေနဲ့ စိတ်အခန့်မသင့်ဖြစ်ပြီး ဒီမှာ ခဏလာနေ တာတဲ့ ၊ ငါလည်း တစ်စွန်းတစ်စ ကြားတာပါ”

“သူ့နာမည်ကိုရော သိလား”

“ဟိုတစ်ခါက အခွေလာငှားရင်း နာမည်မှတ်တော့ သိလိုက်တာ၊ ဘာတဲ့ … မိုး … မျှင်၊ သြော် … မိုးတိမ်မျှင် ဟုတ်တယ်”

သူက ကောင်မလေးနာမည်ကို ရင်ထဲကနေ သံယောင်လိုက်ရွတ်မိသည် ။ နာမည်လေးက ရိုးမလိုနှင့် ဆန်းသည် ။

“သူက ဘာကားတွေ ကြိုက်တတ်လဲဟင် ကိုဝိုင်း”

“မိုးတိမ်မျှင်က ထူးဆန်းတယ်ကွ၊ မိန်းကလေးတန်မဲ့ သရဲကား၊ အက်ရှင်ကားတွေ ငှားတာ များ တယ်၊ ငါက အချစ်ကားမကြည့်ဘူးလား မေးတော့ အဲဒီအကြောင်း စိတ်မဝင်စားဘူးတဲ့ ”

“ဟား … သြောင်ညိုရာ၊ မင်းတော့ တကယ့်ဟာကိုမှ ရင်ထဲတိုးသွားပြီ၊ ခက်တာပဲ”

“ကိုဝိုင်း … သူက ဆိုင်ကို နေ့တိုင်းမလာဘူးလား”

“အလာကျဲတယ်ကွ၊ ပျင်းမှ လာငှားတဲ့ ပုံစံမျိုး၊ အိမ်ထဲက အိမ်ပြင်ထွက်တာလည်း သိပ်မတွေ့ ဘူး၊ ထွက်တော့ ထွက်မှာ ပေါ့ကွာ၊ ငါပဲ သတိမထားမိတာ ဖြစ်မှာ ပါ”

"ငါလိုရွာရိုးကိုးပေါက် လျှောက်သွားနေတဲ့ ရော့ကာကြီးနဲ့ တွေ့တော့ မဆုံသေးတာ အံ့ဩစရာ ပဲ"

"သူက ဒေါ်ကြီးငွေတို့ အိမ်မှာ နေတာပေါ့နော်"

"ဟုတ်တယ် ... ဘာလဲ၊ မင်း အကြောင်းမရှိ အကြောင်းရှာပြီး လျှောက်ပြန်သံပေး လုပ်တော့ မလို့ လား"

သူ ရော့ကာသိန်းကို ခွန်းတုံ့မပြန်မိ။ လျှို့ဝှက်သိုသိပ်စွာ ပြုံးနေမိဆဲ။ အချစ်အကြောင်း စိတ် မဝင်စားသော သူမကို လှပစွာချဉ်းကပ်ဖို့ နည်းလမ်းကောင်းတချို့တလေလောက် ဘယ်ချောင်ထဲ ကနေ ဆွဲထုတ်ရှာဖွေရမှာ ပါလိမ့်။

ညောင်ညိုသည် ခုချိန်မှာ ကိုယ့်ကိုယ်ကိုယ် အတိတ်မေ့ဝေဒနာရှင် တစ်ယောက် ဖြစ်နေခြင်း အကြောင်းအား မသိမသာပင် မေ့ဖျောက်ထားလိုက်တော့သည် ။

အတိတ်မေ့လျှင် မချစ်ရဘူးဟု ဘယ်ဥပဒေထဲမှာ မှ မပြဋ္ဌာန်းထားပါ ။ အဲဒါ သေချာသည် ။

*

တိမ်သည် တီရှပ်ဖြူတစ်ထည်ကို အဆင်ပြေသလို စွတ်ချုပြီး လျှာထိုးဦးထုပ်နက်လေး တယမ်းယမ်းကိုင်ကာ ဘောင်းဘီအိတ်ထဲ ပိုက်ဆံတချို့ထည့်၊ ထို့နောက် ဒေါ်ကြီးငွေရှိရာ မီးဖိုခန်းဆီ သုတ်ခြေတင် လာခဲ့သည် ။

မနက်ပိုင်း ဆိုင်ဖွင့်ရန် သားအမိနှစ်ယောက်လုံး ချွေးတလုံးလုံးဖြင့် အလုပ်ရှုပ် ဗျာများ နေကြ ဆဲ။ တိမ်က မမို့ရဲ့ ခါးကို နောက်မှ သိုင်းဖက်ရင်း ...

"ကဲ ... တိမ် ဈေးသွားမယ်၊ ဒေါ်ကြီးနဲ့ မမို့ ဘာဟင်းစားချင်ကြလဲ ... မှာ ကြ"

"အယ် ... ဘုရား ... ဘုရား၊ ဘာလို့ သွားရမှာ လဲ သမီးရယ်၊ အိမ်မှာ ပဲ အေးအေးဆေးဆေး နေပါ"

"ဟင့်အင်း ... နေ့တိုင်း ဒေါ်ကြီးတို့ အဆင်သင့်ပြင်ဆင်ချက်ပြုတ်ပေးတာတွေပဲ စားနေရ တာ အားနာတယ်၊ ပြီးတော့ အိမ်မှာ နေရတာလည်း ပျင်းတယ်၊ တိမ် ကူညီပါရစေနော်၊ ဒီနေ့ ဒေါ်ကြီးတို့ အေးအေးဆေးဆေး ဆိုင်ထွက်ကြ၊ အိမ်အတွက် အစစအရာရာ တိမ့်တာဝန်ထား"

ဒေါ်ကြီးက စိတ်မသက်မသာနှင့် သက်ပြင်းချရင်း ...

"ဒေါ်ကြီးတားလည်း သမီးက ထုံးစံအတိုင်း ဇွတ်လုပ်မှာ ပဲလေ၊ တစ်ခါတလေ သမီး ဝင်ဝင် ကူတဲ့ ကိစ္စတွေအတွက်တောင် အားနာနေရတဲ့ အထဲကွယ်"

"ရပါတယ် ဒေါ်ကြီးရဲ့ ၊ ကဲ ... တိမ် လစ်တော့မယ်၊ ဒီနေ့ တိမ့်လက်ရာ ကောင်းကောင်း လေး ချက်ကျွေးမယ်နော်"

တိမ်က ဘောင်းဘီအိတ်နှစ်ဖက်ထဲ လက်နှိုက်ကာ အေးအေးလူလူပင် ထွက်လာခဲ့သည် ။ ထို့နောက် ဂိုဒေါင်ထဲမှ စက်ဘီးထုတ်၊ ထိုမှ တစ်ဆင့် တစ်လမ်းကျော်မှာ ရှိသော ရပ်ကွက်ဈေးသို့ တစ်ကိုယ်တော် ချီတက်လာခဲ့ပါသည် ။

ခုဆိုလျှင် တိမ်သည် ဒေါ်ကြီးငွေတို့ ရပ်ကွက်လေးထဲမှာ အတော်လေး နေသားကျ ပျော်မွေ့ နေပြီဖြစ်သည် ။ ခေါင်းမာလွန်းသော တိမ့်ကို မေမေ့ဘက်ကလည်း လုံးဝကို အဆက်အသွယ်ဖြတ် ထားခဲ့လေပြီ။ တိမ်ကတော့ ကိုယ့်စိတ်တိုင်းကျလုပ်ချင်တာတွေ လုပ်နေရ၍ ကျေနပ်သည်

။

တိမ်သည် အထက်တန်းလူတန်းစားထက် အခြေခံလူတန်းစားဘဝကိုသာ ပို၍ စိတ်ဝင်စား တတ်သော အံ့ဖွယ်မိန်းကလေးဖြစ်သည် ။ အဆင့်အတန်းတွေဆိုတာကို တိမ်က ဘယ်လိုပေတဲ့ မျိုး နှင့်မှ မတိုင်းတာတတ်ပါ။ မိုးတိမ်မျှင်ခံယူထားသည့်အချက်မှာ လူရယ်လို့ ဖြစ်လာရင် လူပီသအောင် မှန်မှန်ကန်ကန်နေထိုင်နိုင်ရမည်ဆိုတာကိုပင်။ လူ့တန်ဖိုးဆိုသည် မှာ ဆင်းရဲ၊ ချမ်းသာခြင်းတို့ နှင့် မဆိုင်။

ထို့ကြောင့် တိမ်က ရောက်လေရာမှ ပျော်အောင်နေထိုင်နိုင်သည် ။ တိမ်သည် အတွေးတချို့ နှင့် စီးနင်းလာခဲ့ရာ ရပ်ကွက်ဈေးသို့ရောက်သော် စက်ဘီးအပ်နှံရေးဌာနမှာ စက်ဘီးအပ်ပြီး ဈေးအတွင်း ဝင်ရောက်လာခဲ့ပါသည် ။

ရပ်ကွက်ဈေးဆိုသည့်အလျှောက် City Mart ၊ Super Market တို့လိုဝန်ဆောင်မှုအပြည့် အဝ ပေးနိုင်သော အဆင့်မြင့်ဈေးကြီးတွေလို မဟုတ်ပေမယ့် တိမ်ကတော့ သဘာဝ အသား၊ ငါး၊ စိမ်းစိုလတ်ဆတ်သည့်ဟင်းသီးဟင်းရွက်နံ့များ လှိုင်လှိုင်သင်းနေသော အနေအထားလေးကိုပင် သဘောကျမိပါသည် ။

တိမ်က ပထမဆုံး အသားတန်းဘက် လျှောက်ကြည့်သည် ။ ကြက်နှင့်ဘဲတချို့၊ ပြီးတော့ ငါးကြင်း၊ ငါးရံ့ခေါင်းနှင့် ပုစွန်တို့ ကို တစ်မျိုးပြီးတစ်မျိုး တန်းစီဝယ်သည် ။

ထို့နောက် အရွက်ကြော်၊ ချဉ်ရည်ဟင်းတို့ အတွက် လိုအပ်သမျှနှင့်ဟင်းမျိုးစုံချက်ရန် ဆီ၊ ကြက်သွန်၊ ငရုတ်သီး၊ ဟင်းခတ်မှုန့်တို့ ကိုပါ စုံလင်အောင် ဝယ်ပါသည် ။

ဈေးထဲ တစ်ပတ်ပြည့်အောင်လျှောက်ပြီးတော့ တိမ့်လက်ထဲမှာ အ

ထုပ်အပိုးကြီးငယ် အသွယ် သွယ် စုပြုံနေပြီ။

စက်ဘီးအပ်ထားသည့် နေရာရောက်အောင် လျှောက်လာရင်း တိမ်က ဟိုဟိုဒီဒီ မျက်လုံး ဝေ့ကြည့်မိရာ ...

"မိုးတိမ်မျှင်"

ဟင် ! ဒါ တိမ့်နာမည် ခေါ်သံပဲ။ ဒီရပ်ကွက်ထဲ ရောက်တာ သိပ်မကြာသေးတာမို့ တိမ့်ကို သိသူရှားပါသည် ။ အသံက ရင်းနှီးကျွမ်းဝင်နေသည် ။ ထိုအချိန်မှာ တိမ့်ဘေးသို့ အရိပ်တစ်ခု ထိုးကျ လာသည် ။

"မိုးတိမ်မျှင် ... ကျွန်တော်ကူဆွဲပေးမယ်လေ"

"ရှင်က ... နေပါဦး၊ ကျွန်မ သိသလိုပဲ"

"ဟိုးတစ်နေ့က တိမ့်စက်ဘီးနဲ့ ငြိမလိုဖြစ်သွားတယ်လေ၊ အဲဒါ ကျွန်တော်ပေါ့"

တိမ်သည် ခုမှ ပဲ သူ့ပေါင်ကြားထဲ ကိုယ့်စက်ဘီးဝင်တိုးမိသော သကောင့်သားဖြစ်မှန်း သတိရ လိုက်မိတော့သည် ။ အံမယ် ... သင်းကများ တိမ့်နာမည်ကို ကြိုသိကာ "တိမ်"ဟု ပင် အဖျားဆွတ် ခေါ်လိုက်သေး။

တိမ်က သူ့ကို ခပ်တည်တည်စိုက်ကြည့်ရင်း ...

"နေစမ်းပါဦး၊ မေးရဦးမယ်၊ ရှင်က ဒီရပ်ကွက်ထဲမှာ နေတာလား၊ ပြီးတော့ ကျွန်မနာမည် မိုးတိမ်မျှင်ဆိုတာ ဘယ်လိုသိတာလဲ"

"ကျွန်တော်က ကုန်ကားမောင်းတဲ့ အဘဦးသောင်းတင်ရဲ့ တူပါ၊ ခင်ဗျားနာမည်ကိုတော့ ဟို ... အခွေဆိုင်က ကိုဝိုင်း ပြောတာ"

"ဩော် ... ကိုဝိုင်း ... ကိုဝိုင်း ... ဟုတ်ပြီ၊ ဒီပုဂ္ဂိုလ်ကတော့ လုပ်ချလို

က်ပြန်ပြီ၊ ဒါနဲ့ ... ရှင့်နာမည်ကရော”

တိမ်က ကိုယ့်ရှေ့က အူကြောင်ကြောင် လူတစ်ယောက်ရဲ့ မျက်ဝန်းများ ထဲသို့ စူးစူးနစ်နစ် ကြည့်ကာ မေးလိုက်သည် ။ သူဟာ တိမ့်ပတ်ဝန်းကျင်ထဲက တွေ့ကြုံပတ်သက်ခဲ့ဖူးသော ယောကျာ်း တို့ နှင့် မတူပါ။ အားမနာတမ်း ဝေဖန်ရလျှင်တော့ အနည်းငယ် ဂေါက်သီးဆန်နေသည် ။

“ကျွန်တော့်နာမည် ညောင်ညိုပါ”

“ညောင်ညို ! နာမည်က တစ်မျိုးပဲနော်”

တိမ့်အပြောကြောင့် ထိုသူက ခေါင်းကုတ်ကာ “ဟဲ”ခနဲရယ်ရင်း ...

“ဟုတ်တယ်၊ ကျွန်တော့်ကို အဖေက သူများ နဲ့ မတူအောင် မှ ည့့်ခဲ့တာတဲ့ ”

“သြော် ... ဒီလိုလား၊ ကျွန်မက ရှင့်ကို ညောင်ပင်အောက်မှာ မွေးလို့ ဒီနာမည်တွင် သွားတာ လားလို့ ...

ကဲလေ ... ကျွန်မ အိမ်ပြန်ပြီး ချက်ပြုတ်ရဦးမယ်၊ ရှင်ကရော ဘာလာဝယ်တာလဲ”

ဈေးထဲမှာ တွေ့ပေမယ့် သူ့လက်ထဲ ဘာပစ္စည်းမှ မမြင်တာမို့ တိမ်က စူးစူးစမ်းစမ်း မေးလိုက် ရခြင်းပင်။

“ကျွန်တော် ... တိမ့်နောက်ကို လိုက်လာတာ”

“အယ်”

တိမ်သည် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိချေ။ မအူမလည်နှင့်တဲ့ တိုးကျလွန်းသည့် ထိုလူအား ငေးကြောင်ကြည့်နေစဉ် ...

"တိမ့်လက်ထဲကဟာတွေ ကျွန်တော့်ပေးနော်"

ဟု ဆိုကာ သူက ရှေ့မှ ခပ်သုတ်သုတ် ထွက်သွားတော့သည် ။ စက်ဘီးကိုလည်း သူကိုယ်တိုင် ပင် ရွေးပေးကာ ...

"ကဲ ... တိမ် ... ရပြီ၊ ကျွန်တော် တိမ့်စက်ဘီးနောက်ကနေ လိုက်ခဲ့မယ်နော်"

တိမ်သည် နားလည်ရခက်လှသော ညောင်ညိုဆိုသည့်လူအား ယောင်ယမ်းခေါင်းညိတ်ပြမိ ရင်း စက်ဘီးကို ဖြည်းဖြည်းချင်း နင်းလာခဲ့သည် ။ တိမ့်ဘီးနောက်မှ သူ့ရဲ့ ဂျပန်ဘီးလေးကလည်း အကွာအဝေးမှန်မှန်နှင့် လိုက်ပါလာသည် ။

အိမ်ရောက်တော့ တိမ်က သူ့ကို နောက်ပြန်လှည့်ကြည့်ကာ "သွားပြီနော်"ဟု နှုတ်ဆက်ပြီး အထဲဝင်လာခဲ့သည် ။ သူကလည်း လာလမ်းအတိုင်း နောက်ကြောင်းပြန်လှည့်သွားပါသည် ။

တိမ်သည် ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်ပြီး မပွင့်တပွင့်ပြုံးရင်း နောက်ဖေးမီးဖိုချောင်ခန်းထဲ ဝင်လာခဲ့တော့သည် ။

ဒီနေ့ကြုံရသမျှက ထူးထူးဆန်းဆန်းပင်။ ညဘက်အခွေဆိုင်သွားလျှင်တော့ တိမ့်ခွင့်ပြုချက် မတောင်းဘဲ ပါးစပ်ဖွာထားသည့် ကိုဝိုင်းကြီးကို နည်းနည်းလောက် နှိပ်ကွပ်ရဦးမည်။

*

"ကိုဝိုင်း"

"ဟဲ့ ... မိုးတိမ်မျှင်ပါလား၊ ဘာကားကြည့်မလဲ"

"သမီးကြိုက်တဲ့ သရဲကား၊ အက်ရှင်ကားတွေ ဘာထွက်သေးလဲ၊

မင်းသား မင်းသမီး ကောင်းမှ နော်”

“ကောင်မလေး ... အခု သရဲတွေဆင်ဆာမပေးဘူးလေဟယ်၊ နင်က လည်း သိရဲ့ သားနဲ့ ၊ အက်ရှင်ကားတစ်ကားတော့ရှိတယ်၊ ယူမလား”

“ရတယ်လေ ပေးလိုက်”

တိမ်က ကိုဝိုင်းပေးသာအခွေကို လက်ထဲလှည့်ပတ်ကိုင်ရင်း “အင်း” ခနဲ တစ်ချက်စဉ်းစား ဟန်ပြုကာ ...

“ကိုဝိုင်းကို ဒဏ်ခတ်ရဦးမယ်”

“ဟေ ... ဘာတုန်းဟ၊ ညည်းကလည်း ”

“မိုးတိမ်မျှင် နာမည်ကို အလွဲသုံးစားလုပ်ပြီး တစ်ပါးသူဆီ ပေါက်ကြားအောင် လုပ်ခဲ့တဲ့ အတွက် ဒီနေ့ကစပြီး တစ်ပတ်တိတိ သမီး ငှားသမျှအခွေတွေကို ပိုက်ဆံတစ်ပြားမှ မယူရဘူး”

တိမ့်စကားကြားပြီးချိန်မှာ ကိုဝိုင်းက သူ့နဖူးသူဖြန်းခနဲ ရိုက်ချလိုက် ကာ ...

“ဟိုက် ... သေရောဟော့၊ အေးလေ ... ထားလိုက်ပါတော့၊ င့ါအပြစ်နဲ့ ငါပဲပေ့ါ၊ နင် ညောင်ညို နဲ့ တွေ့ခဲ့ပြီးပြီလား”

“Yes”

“သူက နင့်အကြောင်းပြောလို့ ပါ တိမ်ရယ်၊ ငါလည်း နင့်နာမည်ကို ပါးစပ်က လွှတ်ခနဲထွက် သွားမိတာ”

“ခုမှ တော့ ဘယ်တတ်နိုင်တော့မလဲ၊ အဲဒီအတွက် လျော်ကြေးပြန် ယူတာလေ”

“သူက ခင်ဖို့ ကောင်းပါတယ် တိမ်ရယ်၊ ဘာပဲဖြစ်ဖြစ် တစ်ရပ်ကွက်

တည်းသားချင်းတွေပဲ၊ သူငယ်ချင်းလုပ်လိုက်ပါလား”

“သမီးက ခင်တတ်ပါတယ်၊ ဒါပေမဲ့ လူတိုင်းကိုတော့ မဟုတ်ဘူး ၊ လူ့စိတ်ဓာတ်နဲ့ လူ့ကျင့် ဝတ်ပြည့်ဝတဲ့ သူမျိုးတွေကိုပဲ ဦးနှောက်ထဲမှာ စာရင်းသွင်းထားတာ”

“ဟား … နင်ကတော့ စံပါပဲ၊ ဒါဆို နင် ညောင်ညိုကို လုံးဝယုံယုံကြ ည်ကြည် ခင်လို့ ရပြီ၊ ငါ သူ့ဘက်ကထောက်ခံပေးလို့ ရတယ် တိမ်ရဲ့ ”

တိမ်က နှုတ်ခမ်းကိုမဲ့ရွဲ့ကာ မျက်စောင်းရှယ်ရင်း …

“ကိုဝိုင်းနော် … ပုံမှန်အားပေးနေကျ Customer တစ်ယောက်လျော့ သွားချင်လို့ လား”

“ဟား ဟား … စိတ်မဆိုးပါနဲ့ ဟာ နောက်တာပါ”

တိမ်သည် အင်မတန်မှ အရယ်သန်လှသော ကိုဝိုင်းကို ကျောခိုင်းပြီး ဆိုင်ထဲမှ လှည့်ထွက် လာခဲ့ပါသည် ။ စိတ်ထဲမှာ တော့ ညောင်ညိုဆိုသ ည့် တစ်ယောက်အကြောင်းကို တွေးမိကာ အနည်း ငယ် ရယ်ချင်လာမိ သည် ။

အတွေးတချို့နှင့် စက်ဘီးကို ခပ်သွက်သွက်နင်းလာသော တိမ်သည် လမ်းချိုးတစ်ခုနား အရောက်မှာ …

“ဟိတ် … ရှတ် … ရှတ်၊ အလန်းလေး၊ ဘယ်သွားမလို့ လဲ”

“ဒီဘက်ရပ်ကွက်မှာ ဒီလိုအမှ ည့်လေးရှိနေတာ ငါတို့ သိတာ နော က်ကျတယ်ကွာ”

“အေးကွ၊ ငါတို့ ဖွန်ခဲ့သမျှတွေထဲမှာ ဒါလေးက အသစ်ဆုံးပဲ၊ ဟော့ … မင်း ဘူလေးလဲ၊ အဲဒါ ဘူလေးလဲ”

အသံတစ်စုက တိမ့်အနားမှာ ပတ်ချာလည်ဝိုင်းကာ ပေါ်ထွက်လာခြင်းဖြစ်သည် ။ တိမ်သည် စိတ်အေးအေးထား၊ အသက်ကိုဂဂရုုကာ စီးလာသည့်စက်ဘီးအား အရှိန်လျှော့ ဒေါက်ထောက်ရပ် ပြီး သူတို့ အားလုံးနှင့် တည့်တည့်ရင်ဆိုင်လိုက်သည် ။

ဒီလိုတုံ့ပြန်မည်ဟု ထင်မှတ်ထားဟန်မတူသော သင်းတို့ က အနည်းငယ်တွန့်သွားကာ တစ်ယောက်မျက်နှာ တစ်ယောက် အသီးသီးလှမ်းကြည့်ကြသည် ။

အချိန်က မှောင်ရီပျိုးစ၊ လူရမ်းကားတွေက စုစုပေါင်း လေးယောက်နှင့် စက်ဘီးသုံးစီး၊ သို့သော် လျှို့ဝှက်ပညာရပ်တချို့ကို တတ်မြောက်ထားသည့် တိမ့်အတွက်တော့ ထိုလူစုလောက်က အေးဆေးပင်။

တိမ်က ဆံပင်ကို တစ်ချက်သပ်တင်ရင်း ခါးထောက်ကာ သူတို့ ရှေ့သို့ အေးအေးဆေးဆေးပင် လျှောက်သွားလိုက်ပါသည် ။

"င့ါကို ဖွန်ကြောင်ချင်တာ နင်တို့ တွေလား"

"ဟို ... အဲ ... အဲဒါက ..."

အားလုံးထဲမှာ ခေါင်းဆောင်ဖြစ်ဟန်တူသူ တစ်ယောက်က အ,ထစ်ထစ်ဖြစ်နေသောကောင် ကို ဘေးဘက်တွန်းထုတ်လိုက်ရင်း တိမ်နှင့် မျက်နှာချင်းလာဆိုင်သည် ။ အရက်နံ့စူးဟောင်လျက် အဆီပြန်မျက်နှာ၊ မျက်လုံးနီနီနှင့် မိုက်တိမိုက်ကန်းကောင်အား တိမ်က စူးစူးရဲရဲပင် ပြန်စိုက်ကြည့် လိုက်ပါသည် ။

"မင်းက အစွာလေးပါလားကွ၊ ကြိုက်သွားပြီကွာ"

"ဟဲ့ ... ဒီမှာ ... အချိန်ဆယ့်ငါးစက္ကန့်ပေးမယ်၊ အဲဒီအတွင်း ကိုယ့်လမ်းကိုယ် ဆက်မသွား ရင် နောက်ဆက်တွဲတွေ ငါ ဘာမှ တာဝန်မယူဘူး

နော်”

“ဟာ ဟ … အလာချည်းပါလား၊ သိပ်ကိုသွေးဆူနေတယ်ပေါ့ … ဟုတ်လား၊ မင်းက မိန်းကလေးပါကွာ၊ မင်း ဘယ်လောက် ကြမ်းကြမ်း ငါလိုကောင်နဲ့ တွေ့ရင်တော့ ခဏလေးအတွင်း နူးအိကြွေဆင်းသွားမှာ ပါ၊ ငါက မိန်းကလေးတွေကို ကိုင်တဲ့ နေရာမှာ ဆရာကြီးလို့ သတင်းမွှေးတဲ့ ကောင်ကွ … ဟား ဟား …

မင်းက နှုတ်ခမ်းအစွန်းမှာ မှဲ့လေးနဲ့ ၊ ဒါကြောင့် ဒေါ်စွာကျယ်လေး ဖြစ်နေတာကိုး၊ အဲဒီ နှုတ်ခမ်းလေးကို ငါက …”

ထိုအောက်တန်းစားကောင်ကပြောပြီး တိမ့်မျက်နှာနားသို့ တိုးကပ်လာရာ တိမ်သည် အချိန် တန်ပြီဟု ယူဆမိရင်း သူ့ မေးစေ့ထံ ပင့်လက်သီးတစ်လုံး ပစ်ကျွေးလိုက်တော့သည် ။

“ခွပ်”

“အား … ဟင် … နင် … နင် ငါ့ကိုထိုးတယ်”

“အေး … ထိုးရုံတင်မကဘူး၊ ကြည့်နေ … လာပြီ”

တိမ်က သူ့လက်တစ်ဖက်ကို ဆတ်ခနဲလိမ်ချိုးပြီး ပေါင်ကြားထဲသို့ ခြေကန်ချက်နှစ်ချက် ဆက်တိုက်ပေးလိုက်သည် ။ ထို့နောက် သူ့ဝမ်းဗိုက်ထဲသို့ ရှိသမျှအားနှင့် ခေါင်းဆောင့်လိုက်ရာ ထိုသူ ဘုန်းခနဲ လဲကျလေတော့သည် ။

ထိုအခါကျမှ တိမ်က ကျန်သူများ ဘက်လှည့်ကြည့်ကာ …

“ကဲ … ဘယ်သူ သတ္တိရှိသေးလဲ၊ တစ်ယောက်ချင်းမဟုတ်ဘဲ နှစ်ယောက်တစ်ယောက်ဆိုရင် လည်း ရသေးတယ်နော်၊ လာလေ”

ဖွန်ကြောင်ဖို့ တစ်ခုတည်း သိပုံရသော ထိုကလေကဂမျှားအားလုံး တိမ့်ပညာကို ဖြိုသွားပုံ ရကာ စက်ဘီးကိုယ်စီနင်းလျက် ခပ်သုတ်သုတ် ထွက်သွားကြလေသည် ။

တိမ်သည် တောက်တစ်ချက် ခပ်တိုးတိုးခေါက်ပြီး ရပ်ထားသော စက်ဘီးဆီလျှောက်လာရင်း တစ်နေရာသို့ ခေါင်းငဲ့စောင်းကြည့်လိုက်စဉ် ...

"ဟင်!"

*

"ဟော့ကောင် ... ဟိုမှာ ငါတို့ ဆီ လာနေပြီ၊ မင်း ဘယ်လိုဖြစ်နေတာ လဲ"

သူ့မှာ ရော့ကာသိန်း တပ်လှန့်နှိုးဆော်မှ စိတ်နဲ့ ကိုယ် ပြန်ကပ်သွားရသည် ။ မကြာသေးမီကမှ ပြီးဆုံးသွားသော အက်ရှင်ကားထဲမှ မင်းသမီးက အမှန်ပင် သူတို့ ရှိရာ လျှောက်လှမ်း လာလေပြီ။

သူက အံ့သြရှိန်မပြယ်သေးစွာ သူမလေးကို ကြောင်ကြည့်နေဆဲ။

"ညောင်ညို ... ဘယ်လဲ"

"ဟို ... ဟိုဒင်း ... ဟိုဘက်ပါ"

"ကိုဝိုင်းတို့ ဆိုင်လား"

"အင်း ... ဟုတ် ... ဟုတ်တယ်"

"ကျွန်မလည်း ခုပဲ သူတို့ ဆိုင်က ပြန်လာတာ၊ ဒီနားရောက်တော့ အာရုံနောက်စရာလေး နည်းနည်းတွေ့တာနဲ့ သွေးပူလေ့ကျင့်ခန်းလုပ်လိုက်တာ၊ တော်သေးတယ်၊ ရှင်တို့ ပဲတွေ့လို့ ၊ ကျွန်မက ဒီည ရပ်ကွက်

ရုံးမှာ ဥက္ကဋ္ဌကြီးဦးသန်းသိန်းနဲ့ မျက်နှာချင်းဆိုင်ရပြီ ထင်နေတာ၊ ရှင်တို့ ဘယ်သူ့ကိုမှ ပြန်မပြောနဲ့ နော်”

“ဟုတ် … ဟုတ်ကဲ့၊ တိမ် ဘာဖြစ်သွားသေးလဲဟင်”

“အေးဆေးပါ၊ ဒီကောင်တွေလောက်က ကျွန်မအတွက် အပျင်းပြေပဲ၊ ဝမ်းချုပ်လို့ အီးညှစ် ရတာလောက်တောင် မခက်ခဲဘူး”

“ဗျာ”

“ဟုတ်တယ်၊ တချို့ယောက်ျားတွေက မိန်းမတွေကို နည်းနည်း အထင်သေးတတ်ကြတယ်၊ မိန်းမတစ်ယောက်ကို သွေးတိုးစမ်းပြီး ထိကပါး ရိကပါးပြောတယ်ဆိုတာ အဲဒီမိန်းမအပေါ် လျှော့ တွက်လို့ ပဲ၊ ကျွန်မကို အဲလိုလာလုပ်ရင် နည်းနည်းလေးမှ သည်းမခံနိုင်ဘူး၊ အဲဒီအချိန်မှာ ကြောက် စိတ်တွေလည်း မရှိဘူး၊ သူသေ ကိုယ်သေ ပြန်ချရမှ ကိုကျေနပ်တာ”

သူ ယောင်ယမ်းပြီး ရင်ဘတ်ဖိလိုက်မိသလား သူ့ကိုယ်သူ မသေချာပါ။ မျက်လုံးထဲမှာ လည်း သူမရဲ့ တိုက်ကွက်များကို တရိပ်ရိပ်ပြန်မြင်ယောင်လာသည် ။

ဟိုလဒတော့ သုံးရက်လောက်မလှုပ်၊ မရှားနိုင်ဖြစ်နေမှာ သေချာသလောက်ရှိပြီ။

“ကဲ … ညောင်ညို၊ ကျွန်မ လစ်ပြီ၊ အိမ်ရောက်ရင်အခွေကြည့်ရဦးမယ်”

သူမက စက်ဘီးကို ဗိုးခနဲနင်းထွက်သွားတော့မှ ရော့ကာသိန်းတစ်ယောက် ပါးစပ်အဟောင်း သား ပွင့်လက်စတန်းလန်းနှင့် သူ့ဘက်လှည့်ကြည့်လာသည် ။

“ညောင်ညို ... မင်းတော့ ခုချိန်ကစပြီး ဂျူဒို၊ တိုက်ကွမ်ဒို၊ ကရာတေးကအစ မြန်မာ့ ရှေးဟောင်းသိုင်းပညာအဆုံး အားလုံးကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာထားဖို့ လိုပြီကွ”

“သူက ချစ်စရာကောင်းသလောက် ကြောက်စရာလည်း ကောင်းတယ်နော်”

“သူ့ကို တမင်ရန်စလို့ ပြန်လုပ်တာ ငါတို့ အစအဆုံးမြင်တာပဲကွာ၊ ဒါပေမဲ့ အာဂပဲကွ၊ ငါချီးကျူးတယ်”

“သူက ယောကျ်ားစိတ်ပေါက်နေတာတော့ မဟုတ်လောက်ပါဘူးနော်၊ မင်း ဘယ်လိုထင်လဲ သူငယ်ချင်း”

သူ့စကားအဆုံးမှာ ရော့ကာသိန်းက ရော့ကာပီသစွာ ဖွာလန်ကျဲဆံပင်များကို ဟိုဘက်ဒီဘက် သို့ ဆောင့်ခါယမ်းလိုက်ပြီး အသံနက်ကြီးဖြင့် အော်ရယ်သည် ။

“ဟား ဟား ... ခွီး ခွီး ... အသိသာကြီးပါကွာ၊ ယောကျ်ားစိတ် မပေါက်လည်း မိန်းကလေး တစ်ယောက်က ဒီလိုရဲရင့်ဖျတ်လတ်နေလို့ ရတာပဲ၊ အဲဒါ သူ့ကိုယ်သူ ခုခံပိုင်ခွင့်ပဲလေ”

သူက ဘာမှ ဆက်မပြောတော့ပါ။

ထို့နောက် လမ်းထိပ်ရှိ ကိုဝိုင်းဆီသို့ ချီတက်လာခဲ့ကြတော့သည် ။

*

အဲဒီနေ့က သူတို့ လမ်းထဲမှာ အိမ်တိုင်း၌ ရေမလာပါ။ အဘပြောတာတော့ နှစ်လမှာ တစ်ခါ လောက် ထိုဒုက္ခမျိုးနှင့် ကြုံရတတ်သည် တဲ့ ။

အဘက ရေပုံးနှစ်လုံးဆွဲပြီး ခြံထဲမှ ထွက်ရန် ပြင်နေတာမို့ ...

"အဘ ... ဘယ်သွားမလို့ လဲဟင်"

"ဒီလမ်းထဲက ရေဘုံဘိုင်မှာ သွားခပ်ရမယ် သားရဲ့ ၊ အိမ်တိုင်းမှာ ရေမဝင်ပေမယ့် ဘုံဘိုင် ကတော့ ရေမပြတ်တတ်ဘူး၊ တခြားသူတွေလ ည်း အဲလိုပဲ ခပ်ကြတာ"

"ဟာ ... ဒါဆို ကျွန်တော် ခပ်မှာ ပေါ့ဗျာ၊ ပေး ... ပေး ... ရေပုံး"

"ရပါတယ်ကွာ၊ မင်း အေးအေးဆေးဆေးနေပါ"

"မဟုတ်တာ၊ ကျွန်တော်က လူငယ်ပဲ၊ အဘကိုယ်တိုင်သွားခပ်ရင် ကျွန်တော် ဒီနေ့ မနက် ရောညပါ ထမင်းမစားဘူး၊ ဒါပဲ"

သူက အဘ အကျပ်တွေ့စေမည့်နည်းဖြင့် ဆန္ဒပြလိုက်ရာ ...

"ကဲ ... ကဲ ... ကဲ၊ ဒါဆိုလည်း သဘောပဲ၊ ရေကိုပုံးအပြည့်ကြီး ထည့် မဆွဲနဲ့ နော်၊ ကော်ပုံး လေးနဲ့ ဆွဲ"

"ဟား ဟား ... ကျွန်တော် ယောကျ်ားပါဗျ၊ ကဲ ... သွားပြီ"

ညောင်ညိုသည် ပုဆိုးကို ဒူးအထက်ထိရောက်အောင် ခပ်တိုတိုဝတ်ပြီး ပုံးနှစ်လုံးဆွဲကာ ခြေဗလာဖြင့် ရေကန်ရှိရာ ချီတက် လာခဲ့သည် ။ လမ်းထဲမှ တချို့သူတွေလည်း ရေကန်ပတ်ပတ်လည် မှာ ဝိုင်းဖွဲ့လည်ပတ်ပြီး တန်းစီနေကြပါသည် ။

"ဟဲ့ ... ညောင်ညို၊ ရေခပ်မလို့ လား"

"ဒါပေါ့ ဒေါ်ဘဲဥရဲ့ ၊ ရေမှ မလာတာ"

သူက ဒေါ်ဘဲဥကို ပြန်ပြောပြီး ကန်ထဲမှ ရေကို ဗွမ်းဗွမ်းမြည်အောင် ခပ်ကာ အိမ်ရှိရာဆွဲသည် ။ လေး,ငါး,ခြောက်ခေါက်ဆွဲပြီးတော့ သူ့ရင် ထဲ တလှိုက်လှိုက်နှင့် မောပန်းစပြုလာသည် ။

ထို့ကြောင့် သူက ရေကန်အနီးရှိ သရက်ပင်ကြီးအောက်၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပါ သည် ။

နေပူဒဏ်ကြောင့် သူ့တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက်ရွှဲနေသည် ။

"ဟိတ်"

ခေါ်သံနှင့်အတူ သူ့ပခုံးပေါ်သို့ လက်တစ်ဖက်က ဖတ်ခနဲ ကျရောက်လာသည် ။ သူ လှည့် ကြည့်လိုက်ရာ ...

"ဟာ ... တိမ်ပါလား"

"ဘယ်လိုလဲ ... မောနေပြီလား"

"ဟို ... ခဏနားနေတာပါ၊ တိမ်ကရော ရေပုံးတွေနဲ့ ရေလာခပ်တာပဲလား"

"ဒါပေါ့ ... ဒေါ်ကြီးငွေက ဈေးရောင်းထွက်ရတော့ ရေပိုကုန်တယ်လေ၊ ဒီနေ့ တစ်လမ်းလုံး မှာ ရေမလာတာ ရှင်သိတာပဲ"

သူက တိမ်ကိုင်လာသော သံပုံးနှစ်ပုံးကိုကြည့်ကာ ယောက်ျားတန်မဲ့ ကော်ပုံးကိုင်လာသည့် သူ့ကိုယ်သူပင် ပြန်ရှက်မိသွားရသည် ။ တိမ့်ပုံစံလေးက သူ့အမြင်မှာ ဆန်းနေပါသည် ။

ဆံပင်ကို ဆံထုံးပုံစံထုံးလျက် ရှပ်လက်တိုအနားစကို ခေါက်ချည်ကာ ဒူးအတိ ဂျင်းနက်ပြာ နှင့် ပေါ့ပေါ့ပါးပါးစတိုင်(လ်)မျိုးဖြစ်သည် ။

တိမ်က ခြေထောက်လေးတွေလည်း အင်မတန်လှပါသည် ။ ပုလဲပါသည့် ငွေရောင်ခြေသည်း ရှည်တို့ နှင့် ဖြူဖောင်းဖောင်းခြေဖမိုးလေးတွေက အသည်းယားစရာ။ ထိုခြေထောက်တွေနှင့် ယောက်ျားစီး Scholl ဖိနပ်က သိပ်မလိုက်ဖက်ပေမယ့် ကြည့်ကောင်းလှသည် ။

သူ သတိလက်လွတ် ငေးနေမိစဉ်မှာ ...

"ကဲ ... ညောင်ညို၊ ကျွန်မ ရေခပ်တော့မယ်၊ ရှင်ရော ပြည့်သွားပြီလား"

"အဲ ... နည်းနည်းလိုသေးတယ်"

"ဒါဆို အချိန်ရှိခိုက် လုံ့လစိုက်လေ၊ ဘယ်အလုပ်မဆို တစ်ဝက်တစ်ပျက်နဲ့ နားတာ သိပ် မကောင်းဘူးရှင့်"

သူမက သူ့ပခုံးကို တစ်ချက်ပုတ်ကာ ထွက်သွားသည် ။ ရေနှစ်ပုံးကို ဟန်ချက်ညီညီဆွဲလျက် ထွက်သွားသော သူမနောက်ကျောပြင်ကိုကြည့်ရင်း သူလည်း ထိုင်ရာမှ ထကာ မပြီးပြတ်သေးသော အလုပ်ကို ဆက်လုပ်ဖို့ ပြင်ပါသည် ။

တစ်မျိုးတွေးကြည့်လျှင် သူမလေးနှင့် ရေအတူတူ ခပ်နေရသော အဖြစ်က ပျော်စရာတော့ ကောင်းသား။ သူမအိမ်က ရေကန်နဲ့ ပိုနီးတာမို့ သူမက သူ့ထက် အခေါက်ရေများများ ပိုဆွဲနိုင်သည် ။

သို့သော် သူမပုံစံလေးဟာ မောပန်းဟန်လည်း မရှိ။ ချွေးစို့စို့နှင့် အပြုံးပင်မပျက်ချေ။

နောက်ဆုံးအခေါက်ရောက်တော့ မထင်မှတ်ထားသည့်ပြဿနာက ရုတ်တရက်ဝင်ရောက် လာသည် ။

ရေကန်ဘေးတစ်ဝိုက်မှာ ရေညှိဖြင့်ချောနေသော နေရာတစ်ခုရှိပါသည် ။ သူက သူမအတွက် ခပ်ရလွယ်ကူစေရန် ဘေးဖယ်ပေးရင်း ထိုနေရာဘက် ကပ်လျှောက်လိုက်စဉ် ...

"ရှီး"

"ဗိုင်း"

"အ ... အမယ်လေးဗျ"

"ဂွမ်း ... ဂလုံ ... ဂလွမ်"

အခြေအနေများက မျက်စိတစ်မှိတ်အတွင်းမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေသည် ။ သူ့မျက် လုံးတွေ ထူပူပြာဝေသွားရသည် ။ လက်ထဲက ပုံးနှစ်လုံးလည်း အသံမျိုးစုံပေးလျက် တစ်နေရာစီ လွင့်စဉ် ပြန့်ကျဲ။ နောက်ဆုံး သိလိုက်တာက သူ့ခြေမျက်စိနားမှ နာကျင်အောင့်မျက်မှုပင်။

ခုပဲ သူ့အဖြစ်သူ ငုံ့ကြည့်တော့ သူမရှေ့မှာ အရှက်ကို ဗြန်းဗြန်းကွဲတော့သည် ။ ပေါင်တစ်ဝက် ခန့် ရှော့ပင်တိုလေးသာကျန်သော သူ့ကိုယ်နဲ့ မနီးမဝေးမှာ အပုံလိုက်ကျွတ်ကျနေသည့်ပုဆိုး။ ဘုရား ... ဘုရား။ ရှက်လိုက်တာ။

သူက နာကျင်မှုကို အံကြိတ်မေ့ဖျောက်ရင်း ပုဆိုးရှိရာ ကမန်းကတန်း လက်လှမ်းလိုက် ပါသည် ။ သူ့ဖြစ်အင်ကို တချို့က တအံ့တသြ၊ တချို့က ပြုံးစိစိ၊ သူကတော့ အားလုံးထဲမှာ သူမကိုပဲ ဂရုစိုက်မိသည် ။

သူမမျက်နှာက ခပ်တည်တည်ပင်။ သူ့ကိုကြည့်ပြီး လှောင်ပြောင်လိုရိပ်လည်း မရှိ။ ချက်ချင်းပဲ လက်ထဲကပုံးတွေကို ပစ်ချပြီး သူ့ဘေးနားလာထိုင်ကာ ...

"ရော့ ... ညောင်ညို၊ ပုဆိုးပြန်ဝတ်လိုက်၊ ပြီးမှ ဖြည်းဖြည်းချင်း ကြိုးစားထ"

ဟု အားပေးစကား ဆိုလာသည် ။

သ ။မ ၂၁ ပုဆိုးကိုကိုင်ထားရင်းတန်းလန်း သူမမျက်နှာကိုကြောင်ငေးကြည့်နေမိဆဲ။ မိန်းက လေး အများ စုအတွ

က် သူ့ဖြစ်ပုံဟာ အနည်းငယ်ပဲဖြစ်ဖြစ် ကျိတ်ပြုံးချင်စရာဖြစ်သည် ။

သို့သော် သူမကတော့ သာမန်ထက်ပင် ပိုတည်လွန်းနေသည် ။

"ကဲ ... ဝတ်လေ၊ ဘာကြည့်နေတာလဲ"

"ဗျာ ... ဟုတ် ... ဟုတ်ကဲ့"

သူ့ပုဆိုးပြန်ဝတ်ပြီးတော့ အလွန်နူးညံ့ညင်သာသည့် သူမလက်လေးတစ်ဖက် သူ့လက်မောင်း ဆီ ကျရောက်လာသည် ။ ထို့နောက် သူမတွဲခေါ်မှုနှင့်ပင် စောစောက သရက်ပင်အောက်သို့ ပြန် ရောက်လာပါသည် ။

ခပ်လှမ်းလှမ်းမှာ ဂြိုဟ်တုဘဲဥတို့ အဖွဲ့ ရှိနေသည် ။ ဒီသတင်းဟာ သိပ်မကြာခင် တစ်လမ်း လုံးသို့ ပျံ့နှံ့တော့မှာ အမှန်ပင်။

"ရှင် ဘယ်လိုနေသေးလဲ"

"ဟို ... ခုနကလောက်တော့ မနာတော့ဘူး၊ တော်သေးတယ် တိမ်ရယ်၊ ကျွန်တော်တော့ ကျိုးပြီထင်တာ"

"ရုတ်တရက်ဆိုတော့ မျက်ခနဲဖြစ်သွားပြီး နာတာပါ၊ စိတ်မချရဘူးဆိုရင် ကျွန်မတို့ ဆေးခန်း သွားကြမလား "

"ရပါတယ် တိမ်၊ ကျွန်တော် တကယ်ပြောတာပါ၊ ဘာမှ မဖြစ်တော့ပါဘူး"

"ရှင်လည်း အနေအထိုင် အသွားအလာ ဂရုစိုက်နော်၊ ရှင့်ကြည့်ရတာ သတိနည်းသလိုပဲ"

"အဟဲ ... ဟုတ်တယ်"

"လူဆိုတာ အသက်ကိုဉာဏ်စောင့်တယ်တဲ့ ၊ စောစောက ရှင့်အဖြစ်

ကိုပဲကြည့်လေ၊ ကံတရား ကြောင့်ဖြစ်လာတယ်ဆိုပေမယ့် သတိလေးနဲ့ ရှောင်ရှားလိုက်ရင် ရှင် ချော်မလဲဘူးပေ့ါ”

ပညာရှိမလေးရဲ့ စကားက မှန်နေတာမို့ သူ နှုတ်ဆိတ်ငြိမ်သက်နေရပါသည် ။ သူမအတွက် ရေခပ်ဖို့ အဆင်ပြေအောင် မျက်နှာလိုမျက်နှာရလုပ်ပြီး သတိလက်လွတ် ရှောင်ခဲ့မိတာကိုး။

“ညောင်ညို”

“ဗျာ”

“ရှင်က သာမန်နဲ့ မတူဘူးနော်”

“အမ်! ဘာ ... ဘာကိုပြောတာလဲ တိမ်”

သူ့ရဲ့ အလန့်တကြား ရေရွတ်မှုကြောင့် သူမက ခေါင်းလှုန်မော့ ရယ်မောကာ ...

“ဟား ဟား ဟား ... ဘာမှ မဟုတ်တော့ပါဘူး၊ ရှင်က စိတ်ဝင်စားစရာ၊ စူးစမ်းချင်စရာ ကောင်းတဲ့ လူတွေထဲမှာ ပါနေတယ်၊ ကဲ ... ကျွန်မရှင့်ကို အိမ်ထိရောက်အောင် တွဲပို့ပေးမယ် ... လာ”

“ရပါတယ် တိမ်၊ ကျွန်တော် ဖြည်းဖြည်းချင်းပဲ လျှောက်သွားပါ့မယ်”

“ဘာလဲ ... ကျွန်မတို့ နှစ်ယောက်ကို ဒေါ်ဘဲဥကြီးမြင်ပြီး လိုက်ဖွမှာစိုးနေတာလား၊ ပူမနေ နဲ့ တော့၊ ခုလောက်ဆို လေး, ငါးအိမ်လောက်တော့ အသာလေး ရောက်နေမှာ ၊ လောကမှာ အရာ အားလုံးကို လိုက်ဂရုစိုက်နေရင် အီးတောင် တိုးတိုးပေါက်ရဲမှာ မဟုတ်ဘူး ”

သူမစကားကြောင့် သူ့မှာ မချိတင်ကဲ ပြုံးရပါသည် ။ သူမ ခံယူချက်တွေက သူ့အတွက်တော့ အတုယူလောက်စရာချည်းပင်။

သူမပြောသလိုပဲ သူတို့ နှစ်ယောက် ပတ်ဝန်းကျင်ကို မျက်နှာလွှဲကာ အိမ်ပြန်လာခဲ့ကြသည် ။ အိမ်ရှေ့ရောက်သော် သူမက ...

"ကဲ ... ညကျရင် ဒဏ်ကြေဆေးလိမ်းပြီးမှ အိပ်ဦးနော်၊ ကျွန်မ သွားတော့မယ်"

ဟု ဆိုကာ သူ့ကို လက်ပြနှုတ်ဆက်သွားသည် ။ သူ့ရင်ထဲမှာ ဗုံတီးသံလေးတွေ ဆူဆူညံအောင် ကျန်ခဲ့လေတော့သည် ။

*

"ဒေါ်ကြီးငွေတူမနဲ့ အဘဦးသောင်းတင်ရဲ့ တူက ဘာလိုလို ညာလိုလို"ဆိုသော သတင်းက ဂြိုဟ်တုဘဲဥပါးစပ်မှ တစ်ဆင့် တစ်လမ်းလုံးသို့ ပျံ့နှံ့သွားပါသည် ။

တိမ်က ဒေါ်ဘဲဥကြီးကို အမြင်ကတ်လှပေမယ့် သူများ ရပ်ကွက်ထဲမှာ မို့ ဘာမှ မတုံ့ပြန်ဘဲ ရေငုံနှုတ်ပိတ်သာနေခဲ့သည် ။ ညောင်ညိုနှင့် မျက်နှာချင်းဆိုင်ဆုံလျှင်တော့ ရင်ထဲတစ်မျိုးလေး ခံစားရတာအမှန်ပင်။

တိမ် သူ့ကိုခင်ပါသည် ။ သူ့ပုံစံက အူကြောင်ကြောင်ပေမယ့် စိတ်သဘောထား ရိုးဖြောင့်ဖြူစင် သူဟု တိမ့်ရင်ထဲက အလိုလိုနေရင်း ယုံကြည်နေသည် ။ သူ့ဆီမှာ တိမ်ခန့်မှန်းရခက်သော လျှို့ဝှက် ချက်တချို့ ရှိနေသည် ။ သို့သော် တိမ်ကဒီနေ့အချိန်ထိ သူ့ကို ဘာမှ မမေး၊ သူ့အကြောင်းသိဖို့ လည်း စပ်စပ်စုစုမလုပ်ခဲ့ပါ။

ဘာပဲဖြစ်ဖြစ် ဒီရပ်ကွက်ထဲကို ရောက်လာတာချင်းတူသော သူနဲ့ တိမ်ဟာ ဘဝတူတွေဖြစ် သည် ။ ထို့ကြောင့် တိမ် သူ့ကို သာမန်လူတွေထက် ပိုပြီးသံယောဇဉ်တွယ်မိတာပင်။

မေမေက တိမ့်ဆီဖုန်းဆက်တိုင်း ခနိုးခနဲ့ နှင့် နှိပ်ကွပ်တတ်သည် မှ …

"မအေရင်ကို စုံကန်ပြီး သူများ အိမ်မှာ အောက်ကျနောက်ကျ လိုက်နေရတာ ညည်း သိပ် ပျော်နေတယ်ဆိုလည်း ငါက မကျေမနပ်မဖြစ်ကျေနပ်ပေးရတော့မှာ ပေါ့"တဲ့ ။

မေမေ ဘာပြောပြော တိမ်ကတော့ ဒီရပ်ကွက်လေးထဲမှာ ပျော်သည် ။ မေမေ့ဆီ ပြန်သွားလျှင် အလွန်ရိုးအီနေသော ဓာတ်ပြားဟောင်းကြီးတွေကို နားကွဲမတတ် နားဆင်ရဦးမည်။ တိမ် မေမေ့အိမ် ကို လွယ်လွယ်နဲ့ တော့ ပြန်ဖြစ်မှာ မဟုတ်သေးပါ။

ဒေါ်ကြီးငွေတို့ သားအမိကလည်း တိမ့်ကို မိသားစုရင်းချာတစ်ယောက်လို ချစ်ခင်ကြပါ သည် ။ တကယ်တော့ ဒေါ်ကြီးငွေက ဒီရပ်ကွက်မှာ အသုပ်ရောင်းရင်း အပိုဝင်ငွေရရန် တိမ်တို့ အိမ် မှာ အချိန်ပိုင်း အဝတ်လာလျှော်သူဖြစ်သည် ။

ရိုးသားဖြောင့်မတ်သော ဒေါ်ကြီးငွေကို တိမ်က အဒေါ်ရင်းတစ်ယောက်လို ခင်သည် မို့ ခုလို မေမေနှင့်ကတောက်ကဆဖြစ်ချိန်မှာ ဒေါ်ကြီးအိမ်၌ လိုက်နေဖို့ စိတ်ကူးရခြင်းပင်။

ဂုဏ်အဆင့်အတန်း၊ ပကာသနတွေ ညှိုးမှိန်နေသည့် ဒေါ်ကြီးငွေတို့ ပတ်ဝန်းကျင်ဟာ တိမ့် အတွက်တော့ ပညာသင်ယူစရာ သဘာဝကျောင်းတော်ကြီး ဖြစ်လို့ နေသည် ။

နွေးထွေးမှုများ လွှမ်းခြုံပြည့်နှက်နေသည့် ရပ်ကွက်လေးကို တိမ်ချစ်သည် ။

*